ADM - ကုန်ပစ္စည်း နှင့်/သို့မဟုတ် ဝန်ဆောင်မှု ဝယ်ယူခြင်းအတွက် အထွေထွေ စည်းကမ်းချက်များ

**<u>၁။ သဘောတူညီမှု စာချုပ်တစ်ခုတည်းဖြစ်ခြင်း</u>**

(က) ဤ ကုန်ပစ္စည်း နှင့်/သို့မဟုတ် ဝန်ဆောင်မှု ဝယ်ယူခြင်းအတွက် အထွေထွေ စည်းကမ်းချက်များ (**"GC"**) သည် ကုန်ပစ္စည်း (**"ကုန်ပစ္စည်း"**) များ နှင့်/သို့မဟုတ် ဝန်ဆောင်မှုများ (**"ဝန်ဆောင်မှုများ"**) ဝယ်ယူရာတွင် ဝယ်ယူမှု အော်ဒါ (**"အော်ဒါ"**) တွင် အမည်ဖော်ပြထားသော Archer Daniels Midland Group (**"ADM"**) ၏ လုပ်ငန်း နှင့် ယင်း အော်ဒါတွင် အမည် နှင့် သတင်းအချက်အလက်များကို ဖော်ပြထားသော ရောင်းသူတို့အကြား ပြုလုပ်သော ဝယ်ယူမှုအော်ဒါ နှင့် တစ်ပေါင်းတည်းဖြစ်သည်။

(ခ) ရောင်းသူ၏ ကုန်ပစ္စည်း နှင့်/သို့မဟုတ် ဝန်ဆောင်မှုများကို ADM က ဝယ်ယူမှု နှင့် စပ်လျဉ်းပြီး အော်ဒါ နှင့် GC တို့သည် သဘောတူညီမှု စာချုပ်တစ်ခုတည်းသာ ဖြစ်စေရမည်။ အော်ဒါ တွင်ဖြစ်စေ၊ သတ်မှတ်ချက်များတွင်ဖြစ်စေ သို့မဟုတ် အခြားကိစ္စများတွင်ဖြစ်စေ အော်ဒါ နှင့် GC တို့၏ စည်းကမ်းချက်များကို ပြင်ဆင်ရန်၊ ပယ်ဖျက်ရန် သို့မဟုတ် ထပ်မံဖြည့်စွက်ရန် ရောင်းသူက အဆိုပြုလာသော စည်းကမ်းချက်များသည် ကုန်ပစ္စည်း/ဝန်ဆောင်မှု ရောင်းချသည့်လုပ်ငန်းက အဆိုပြုလာသည့် အတိုင်းအတာအတိုင်း ADM အပေါ်တွင် စည်းနှောင်မှု ရှိမည်မဟုတ်ပေ။ အထက်ပါ ဖော်ပြချက်အား စွန့်လွှတ်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် မွမ်းမံပြင်ဆင်ခြင်း ကို ADM က သဘောတူကြောင်း စာဖြင့်ရေးသား၍ လက်မှတ်ထိုးခြင်းမရှိလျှင် ADM အပေါ်တွင် စည်းနှောင်မှု ရှိမည်မဟုတ်ပေ။ အော်ဒါနှင့် GC မတိုင်မီကဖြစ်စေ သို့မဟုတ် အော်ဒါ နှင့် GC တို့နှင့် တစ်ပြိုင်တည်းဖြစ်စေ နှုတ်ဖြင့်ဖြစ်သော်လည်းကောင်း သို့မဟုတ် စာဖြင့်ဖြစ်သော်လည်းကောင်း ပြုလုပ်ထားသော သဘောတူညီမှု သို့မဟုတ် ညှိနှိုင်းမှုဆိုင်ရာ သက်သေအထောက်အထား သို့မဟုတ် လုပ်ငန်းဆက်သွယ်ဆောင် ရွက်မှုဆိုင်ရာ သက်သေအထောက်အထား သို့မဟုတ် အရောင်းအဝယ်ပြုလုပ်မှု သို့မဟုတ် သဘောတူညီမှုအား အကောင်အထည်ဖော် ဆောင်ရွက်မှုတို့ကို အော်ဒါ နှင့် GC တို့အား ကွဲလွဲဆန့်ကျင်စေရန်၊ ဖြေရှင်းရန် သို့မဟုတ် ဖြည့်စွက်ရန်အတွက် အသုံးပြုခြင်းမပြုရ သို့မဟုတ် အော်ဒါ နှင့် GC တို့သည် စာချုပ်ဝင်တို့၏ အမှန်တကယ် သဘောတူညီမှုကို ထင်ဟပ်မှုမရှိကြောင်း သက်သေပြရန်အတွက် ယင်းတို့ကို အသုံးပြုခြင်း မပြုရ။

(ဂ) ADM က ပေးပို့သည့် စာရွက်စာတမ်းများတွင် ကွဲလွဲမှု တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက ထိုသို့ကွဲလွဲသည့် အတိုင်း အတာအထိ အောက်ဖော်ပြပါ ဦးစားပေးအမှတ်စဉ် (Order of Precedence) အတိုင်းသာ အကျိုးသက်ရောက်သည် - (၁) အော်ဒါ ( အော်ဒါ နှင့် စပ်လျဉ်း၍ ADM က စာဖြင့်ရေးသား၍ လက်မှတ်ရေးထိုးကာ သဘောတူထားသည့် ပြောင်းလဲခြင်း၊ မွမ်းမံပြင်ဆင်ခြင်း နှင့်/သို့မဟုတ် ဖြည့်စွက်ခြင်း အပါအဝင်)၊ (၂) GC။

**<u>၂။ အော်ဒါအား လက်ခံခြင်း</u>**

(က) အော်ဒါ သို့မဟုတ် ADM ၏ စာဖြင့်ရေးသားထားသော ညွှန်ကြားချက် တစ်စုံတစ်ရာတွင် အခြားနည်း ဖော်ပြထားခြင်းမရှိလျှင် ရောင်းသူသည် ADM က ပေးပို့သည့် အော်ဒါအား လက်ခံရရှိသည့်နေ့မှ (၇) ရက်အတွင်း အော်ဒါကို အတည်ပြုရမည်။

(ခ) ရောင်းသူသည် အောက်ပါတို့မှ မည်သည့်ကိစ္စကို ဦးစွာလုပ်ဆောင်သည်ဖြစ်စေ ယင်းသို့လုပ်ဆောင်ခြင်းသည် ရောင်းသူက အော်ဒါအား တရားဝင်လက်ခံခြင်းဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်သည်-

(၁) အော်ဒါရရှိကြောင်း ရောင်းသူက (စာဖြင့်ရေးသား၍လည်းကောင်း၊ အီးမေးလ်ဖြင့်လည်းကောင်း) အသိအမှတ်ပြု ပြန်ကြားခြင်း။

(၂) ရောင်းသူက ကုန်ပစ္စည်းများကို ပေးပို့လာခြင်း သို့မဟုတ် ဝန်ဆောင်မှုများကို အကောင်အထည် ဖော်ဆောင်ရွက်ပေးခြင်း သို့မဟုတ်

(၃) ကုန်ပစ္စည်း/ဝန်ဆောင်မှုများအတွက် ရောင်းသူက ပြေစာပေးပို့လာခြင်း။

(ဂ) အော်ဒါကို အော်ဒါတွင် ဖော်ပြထားသော စည်းကမ်းချက်များ နှင့် GC အတိုင်းသာ လက်ခံရမည်။

(ဃ) အော်ဒါအား လက်ခံခြင်း သို့မဟုတ် ယင်းသို့ လက်ခံခြင်း နှင့် အလားတူသော အကြောင်းပြန်ကြားမှု တစ်စုံတစ်ရာသည် ရောင်းသူက အော်ဒါ နှင့် ဤ GC ပါ ADM ၏ ကမ်းလှမ်းမှုကို တရားဝင် လက်ခံခြင်းဖြစ်ပြီး ယင်းသို့လက်ခံခြင်းသည် စည်းနှောင်မှုရှိသည်။

(င) ADM က သီးခြားစာရေးသား သဘောတူထားခြင်းမရှိလျှင် အော်ဒါ နှင့် GC တွင် သတ်မှတ်ထားသော စည်းကမ်းချက်များမှအပ ထပ်တိုး နှင့်/သို့မဟုတ် ပြင်ဆင်ထားသော နှင့်/သို့မဟုတ် အော်ဒါ နှင့် GC တွင် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် မတူကွဲပြားသော စည်းကမ်းချက်များသည် ADM အပေါ်တွင် စည်းနှောင်မှုမရှိသည့်အပြင် အကျိုးသက်ရောက်မှုလည်း မရှိပါ။

(စ) ADM သည် ရောင်းသူက အော်ဒါကို လက်ခံပြီးသည့်တိုင် အော်ဒါကို ပြောင်းလဲစေနိုင်သည်။ ပြောင်းလဲလိုက်သည့် အော်ဒါကို နောက်ထပ်ကုန်ကျစရိတ်များ ကျခံခြင်းမရှိဘဲ လိုက်နာဆောင်ရွက်ရန် မဖြစ်နိုင်လျှင် ယင်းသို့မဖြစ်နိုင်ကြောင်း နှင့် မဖြစ်နိုင် သည့် အတိုင်းအတာ နှင့် စပ်လျဉ်း၍ နှစ်ဖက်သဘောတူညီနိုင်သော ဆုံးဖြတ်ချက်ကို သဘောရိုးဖြင့် ဆွေးနွေးချမှတ်နိုင်ရန်အတွက် ADM တောင်းဆိုထားသော ပြောင်းလဲမှုများကို လက်ခံရရှိပြီး (၃) ရက်အတွင်း ADM သို့ အသိပေး အကြောင်းကြားရမည်။ သို့မဟုတ်ပါက သတ်မှတ်ထားသော ပြောင်းလဲမှုများကို အဖိုးအခထပ်မံမယူဘဲ ဆောင်ရွက်ပေးရန် ရောင်းသူက သဘောတူသည်ဟု မှတ်ယူရမည်။ ADM က တောင်းဆိုထားသော ပြောင်းလဲမှုများကို လက်ခံရရှိပြီးနောက် ရောင်းသူက ယင်းပြောင်းလဲမှု များကို ဆောင်ရွက်ပေးနိုင်ခြင်းမရှိကြောင်းကို အသိပေးအကြောင်းခြင်းမရှိဘဲ လက်ခံထားသော အော်ဒါအား ဆက်လက်ဆောင်ရွက်နေခြင်းသည် ADM က တောင်းဆိုထားသော ပြောင်းလဲမှုများကို ရောင်းသူက လက်ခံခြင်းဖြစ်သည်။

## **၃။ ပေးပို့ ဆောင်ရွက်ပေးခြင်း**

(က) ကုန်ပစ္စည်း/ဝန်ဆောင်မှုများကို အော်ဒါတွင် ဖော်ပြထားသည့်အတိုင်း ပေးပို့ရမည့် အချိန်၊ နေရာ၊ အရေအတွက်၊ သတ်မှတ်ချက်များ၊ ထုပ်ပိုးမှု၊ ထပ်ဆင့်ထုတ်ပိုးမှု သတ်မှတ်ချက်များ နှင့် အခြားသော သတ်မှတ်ချက်များ (ရှိလျှင်) နှင့် အညီ ကုန်ပစ္စည်း /ဝန်ဆောင်မှုများကို တိတိကျကျ ပေးသွင်း ဆောင်ရွက်ပေးရန် ရောင်းသူက ကတိပြုသည်။

(ခ) အထက်တွင် ဖော်ပြထားသည်များကို လိုက်နာမှုမရှိသည့်အတွက် ADM က ထိခိုက်သည့် တောင်းဆိုမှု တစ်စုံတစ်ရာ နှင့် တောင်းဆိုမှုများအားလုံးအတွက်သော်လည်းကောင်း၊ ဥပဒေအရတာဝန်ရှိ မှုတစ်စုံတစ်ရာ နှင့် ဥပဒေအရ တာဝန်ရှိမှု အားလုံး အတွက်သော်လည်းကောင်း၊ ထိခိုက်နစ်နာမှု တစ်စုံတစ်ရာ နှင့် ထိခိုက်နစ်နာမှုများ အားလုံးအတွက်သော်လည်းကောင်း၊ ဆုံရှုံးမှု တစ်စုံတစ်ရာ နှင့် ဆုံးရှုံးမှုများ အားလုံးအတွက်သော်လည်းကောင်း၊ ကုန်ကျစရိတ် တစ်စုံတစ်ရာနှင့် ကုန်ကျစရိတ်များအားလုံး အတွက်သော်လည်းကောင်း ရောင်းသူတွင် ဥပဒေအရ တာဝန်ရှိပြီး ယင်းတို့အတွက် ရောင်းသူက ADM ကို ပေးလျော်ရမည်။

(ဂ) ပေးပို့ဆောင်ရွက်မှုဆိုင်ရာ သတ်မှတ်ချက်များကို ပြန်လည်ပြင်ဆင်ရန်အတွက် ရောင်းသူက စာဖြင့်ရေးသား၍ ADM ကို အဆိုပြုနိုင်သည်။ ယင်းသို့အဆိုပြုမှု နှင့် စပ်လျဉ်း၍ ADM က ၎င်း၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် -

(၁) ပြန်လည်ပြင်ဆင်ချက် (များ) ကို သဘောတူနိုင်သည်။

(၂) ပြန်လည်ပြင်ဆင်ချက် (များ) ကို ငြင်းပယ်နိုင်ပြီး ယင်းသို့ငြင်းပယ်ပါက မူလပေးပို့ ဆောင်ရွက်မှုဆိုင်ရာ သတ်မှတ်ချက်များသည် ဆက်လက်၍ အပြည့်အဝ ဆက်လက်တည်ရှိ၍ အကျိုးသက်ရောက်နေ မည်ဖြစ်သည်။

(၃) ကုန်ပစ္စည်း/ဝန်ဆောင်မှုများကို ရောင်းသူက ပေးပို့ဆောင်ရွက်ပေးပြီး ADM က လက်ခံပြီးသည်မှအပ ရောင်းသူအား ဥပဒေအရ တာဝန်မရှိစေဘဲ အော်ဒါအား ချက်ချင်းစာဖြင့်ရေးသား၍ ရပ်စဲနိုင်သည်။

(ဃ) ADM က အခြားနည်း သဘောတူထားခြင်းမရှိလျှင် ဖော်ပြထားသည့် ပေးပို့ဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်(များ) ထက်ကြိုတင်၍ အော်ဒါ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပေးပို့ဆောင်ရွက်ခြင်းမပြုရမည့်အပြင် အော်ဒါထဲတွင် ဖော်ပြ ထားသည့် အရေအတွက်(များ) ထက်ကျော်လွန်၍ ပေးပို့ ခြင်း မပြုရ။ အော်ဒါထဲတွင် ဖော်ပြထားသည့်အရေအတွက်(များ) ထက်ကျော်လွန်၍ ပေးပို့လာသည့်အရေအတွက်ကို ရောင်းသူထံသို့ ပြန်လည်ပေးပို့သွားမည်ဖြစ်ပြီး ယင်းသို့ပြန်လည်ပေးပို့ခြင်း နှင့် စပ်လျဉ်း သည့် ကုန်ကျစရိတ်များ နှင့် အသုံးစရိတ်များကို ရောင်းသူထံမှ ပြန်လည်တောင်းခံသွားမည် ဖြစ်သည်။

(င) ပေးပို့လာသော အရေအတွက်တွင် ပါဝင်သော အပြစ်အနာအဆာများကို အောက်တွင်ဖော်ပြထားသည့်အတိုင်း ချွတ်ယွင်းချက်ရှိသည့် ကုန်ပစ္စည်း/ဝန်ဆောင်မှုအဖြစ် မှတ်ယူမည်ဖြစ်ပြီး အောက်တွင်ဖော်ပြထားသော ကုစားခွင့်များကို ADM က ရထိုက်ခွင့်ရှိသည်။

## ၄။ ထုပ်ပိုးခြင်း နှင့် သယ်ယူပို့ဆောင်ခြင်း

(က) အော်ဒါတွင် အခြားနည်းဖြင့် အတိအလင်း ဖော်ပြထားခြင်းမရှိလျှင် ရောင်းသူသည် ကုန်ပစ္စည်းများကို မပျက်မစီးဘဲ အကောင်းပကတိအတိုင်း ADM သို့ ပေးပို့ရန်အတွက် ကုန်ပစ္စည်းများကို သင့်လျော်သည့် ပုံစံဖြင့် ထုပ်ပိုးရမည်။ အော်ဒါထဲတွင် ဖော်ပြထားသော သဘောတူညီထားသည့် အပြည်ပြည်ဆိုင်ရာ ကုန်ပစ္စည်း သယ်ပို့မှုဆိုင်ရာ ညွှန်ကြားချက်များ (Incoterms) (ရှိလျှင်) နှင့် အညီ ADM က လက်ရောက် လက်ခံရယူသည့် မတိုင်မီအထိ ကုန်ပစ္စည်းများ ဆုံးရှုံးပျက်စီးမှုကို ရောင်းသူက တာဝန်ယူ ကျခံရမည်။

(ခ) အော်ဒါတွင် အခြားနည်း အတိအလင်း ဖော်ပြထားခြင်းမရှိလျှင် သယ်ယူပို့ဆောင်ခြင်း၊ ပေးပို့ခြင်း၊ ထုပ်ပိုးခြင်းနှင့် အမှတ်အသား ပြုလုပ်ခြင်းတို့ နှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို အထက်တွင် ဖော်ပြထားသည့်အတိုင်း ရောင်းသူတစ်ဦးတည်းကသာ တာဝန်ယူကျခံရမည်။

## ၅။ လက်ခံရယူခြင်း

(က) ရောင်းသူက ကုန်ပစ္စည်း/ဝန်ဆောင်မှုများကို ADM သို့ ပေးပို့လိုက်ခြင်းသည် ယင်း ကုန်ပစ္စည်း/ဝန်ဆောင်မှုများကို ADM က လက်ခံရယူခြင်းဟု မသတ်မှတ်ပါ။ ရောင်းသူက ပေးပို့လိုက်သည့် ကုန်ပစ္စည်း/ဝန်ဆောင်မှုများ အားလုံးကို စစ်ဆေးရန် မည်သည့် အခြေအနေတွင်မဆို ကုန်ပစ္စည်း/ဝန်ဆောင်မှုများကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀) ထက်မကျော်သော ကျိုးကြောင်းဆီလျော်သည့် အချိန်ကာလတစ်ခု သို့မဟုတ် အော်ဒါတွင် ဖော်ပြထားသည့်အတိုင်း အခြားသော အချိန်ကာလတစ်ခု ADM တွင်ရှိသည်။ ကုန်ပစ္စည်း/ဝန်ဆောင်မှုများ လက်ခံရယူခြင်းကို စာဖြင့်ရေးသားထားသော အတည်ပြုချက်အား ADM က ရောင်းသူသို့ ထုတ်ပေးမည်ဖြစ်သည်။ ကုန်ပစ္စည်း/ဝန်ဆောင်မှုများတွင် ချွတ်ယွင်းချက်ရှိသည့် ကုန်ပစ္စည်း/ဝန်ဆောင်မှုရှိလျှင် သို့မဟုတ် မည်သည့် အချက်ဖြင့်စပ်လျဉ်း၍မဆို သတ်မှတ်ချက် တစ်စုံတစ်ရာ သို့မဟုတ် သတ်မှတ်ချက်များအားလုံးနှင့် မကိုက်ညီလျှင် ADM က ရောင်းသူသို့ စာရေးသား၍သော်လည်းကောင်း/အီးမေးလ်ဖြင့်သော်လည်းကောင်း အသိပေး အကြောင်းကြားမည်ဖြစ်ပြီး ယင်းသို့ဖြစ်လာပါက အောက်ပါ အပိုဒ် (၆) သည် အကျိုးသက်ရောက်မည် ဖြစ်သည်။

ခ) အထက်ပါအတိုင်း ADM က လက်ခံရယူလိုက်သည်နှင့် ကုန်ပစ္စည်း/ဝန်ဆောင်မှုများ နှင့် စပ်လျဉ်းသည့် ထိခိုက်ပျက်စီးမှု သို့မဟုတ် ဆုံးရှုံးမှု နှင့် ပိုင်ဆိုင်မှုတို့သည် ADM သို့ လွှဲပြောင်းပြီးသားဖြစ်သည်။

## ၆။ ချွတ်ယွင်းချက်ရှိသည့် ကုန်ပစ္စည်း/ဝန်ဆောင်မှု

(က) အော်ဒါအရ ADM သို့ ပေးပို့လာသည့် ကုန်ပစ္စည်း/ဝန်ဆောင်မှုများသည် ချွတ်ယွင်းနေသည် သို့မဟုတ် အော်ဒါအရ ADM သို့ ပေးပို့လာသည့် ကုန်ပစ္စည်း/ဝန်ဆောင်မှုများသည် မည်သည့် ရှုထောင့်မှမဆို အော်ဒါပါ နှင့်/သို့မဟုတ် ဤ GC ပါ သတ်မှတ်ချက် တစ်စုံတစ်ရာ သို့မဟုတ် သတ်မှတ်ချက်များအားလုံးနှင့် ကိုက်ညီမှုမရှိ ("**ချွတ်ယွင်းချက်ရှိသည့် ကုန်ပစ္စည်း/ဝန်ဆောင်မှုများ" နှင့် ယင်းတို့နှင့်**

**အပြန်အလှန်ဆက်စပ်နေသော "အပြစ်အနာအဆာရှိသည့် ကုန်ပစ္စည်းများ/ဝန်ဆောင်မှုများ**") ဟု ADM က ကျိုးကြောင်းညီညွတ်စွာဖြင့် ထင်မြင်ယူဆလျှင် ADM သည် ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့်-

(၁) ထိုသို့သော အပြစ်အနာအဆာရှိသည့် ကုန်ပစ္စည်း/ဝန်ဆောင်မှုများကို ငြင်းပယ်၍ ယင်းကုန်ပစ္စည်း/ဝန်ဆောင်မှုများကို လဲလှယ်ရန်အတွက် ၎င်းက သင့်လျော်သည်ဟု မှတ်ယူသည့် အရင်းအမြစ်(များ) မှ ထို ကုန်ပစ္စည်း/ဝန်ဆောင် မှုများကို ရယူခြင်း။

(၂) ချွတ်ယွင်းချက်ရှိသည့် ကုန်ပစ္စည်း/ဝန်ဆောင်မှုများကို ADM က သတ်မှတ်ပေးသည့် ကျိုးကြောင်းဆီလျော်သော အချိန်ကာလအတွင်း ရောင်းသူ၏ စရိတ်ဖြင့် ရောင်းသူအား ပြုပြင်စေခြင်း။

(၃) ပေးပို့လာသော ကုန်ပစ္စည်း/ဝန်ဆောင်မှုများ အားလုံးကို ငြင်းပယ်ခြင်း။

(ခ) ယင်းသို့ ငြင်းပယ်ခြင်း၊ အစားထိုးရခြင်း သို့မဟုတ် ပြုပြင်ခြင်း သို့မဟုတ် ထိုသို့သော ချွတ်ယွင်းချက်ရှိသည့် ကုန်ပစ္စည်း/ဝန်ဆောင်မှု (ယင်းသို့သော အပြစ်အနာအဆာရှိသည့် ကုန်ပစ္စည်း/ဝန်ဆောင်မှုအား အသုံးပြုခြင်း၊ ရောင်းချခြင်း နှင့်/သို့မဟုတ် ဖြန့်ချိခြင်းတို့ ပါဝင်ပြီး ယင်းတို့ကိုသာ ကန့်သတ်ထားခြင်းမဟုတ်ပါ) ကို တိုက်ရိုက်အကြောင်းပြု၍သော်လည်းကောင်း သို့မဟုတ် တိုက်ရိုက်ဆက်စပ်၍သော်လည်းကောင်း ပေါ်ပေါက်လာသည့် တောင်းဆိုမှု တစ်စုံတစ်ရာ နှင့် တောင်းဆိုမှုများ အားလုံးအတွက်သော်လည်း ကောင်း၊ ဥပဒေအရ တာဝန်တစ်စုံတစ်ရာ နှင့် ဥပဒေအရ တာဝန်အားလုံးအတွက်သော်လည်းကောင်း၊ ထိခိုက်နစ်နာမှု တစ်စုံတစ်ရာ နှင့် ထိခိုက်နစ်နာမှုများ အားလုံးအတွက်သော်လည်းကောင်း၊ ဆုံးရှုံးမှု တစ်စုံတစ်ရာ နှင့် ဆုံးရှုံးမှုများ အလုံးအတွက်သော် လည်းကောင်း၊ ကုန်ကျစရိတ် တစ်စုံတစ်ရာ နှင့် ကုန်ကျစရိတ် အားလုံးအတွက်သော်လည်းကောင်း ရောင်းသူက ADM ကို ပေးလျော်ရမည်။ ADM သည် အောက်ပါတို့ကို ဆောင်ရွက်ခွင့်ရှိသည် -

(၁) (ပေးပို့ရန်အတွက်သော်လည်းကောင်း သို့မဟုတ် အော်ဒါတစ်ခုတည်းအတွက်သော်လည်းကောင်း အထုပ်တစ်ထုပ်ထဲတွင် အတူတကွ ထုပ်ပိုးထားသော အပြစ်အနာအဆာရှိသည့် ကုန်ပစ္စည်း/ဝန်ဆောင်မှုများ နှင့် ပုံမှန် ကုန်ပစ္စည်း/ဝန်ဆောင်မှုများ အပါအဝင်) အပြစ်အနာအဆာရှိသည့် ကုန်ပစ္စည်း/ဝန်ဆောင်မှုများ သို့မဟုတ် ကုန်ပစ္စည်း/ဝန်ဆောင်မှုများအားလုံး ကို ငြင်းပယ်ခြင်း။

(၂) ယင်းသို့သော ချွတ်ယွင်းချက်ရှိသည့် ကုန်ပစ္စည်း/ဝန်ဆောင်မှုများကို အစားထိုးလဲလှယ်မှု၊ ပြုပြင်မှု (ဝန်ဆောင်မှုများကို ပြန်လည်ဆောင်ရွက်ပေးရန် တောင်းဆိုခွင့် ပါဝင်ပြီး ယင်းကိုသာ ကန့်သတ်ထားခြင်းမဟုတ်ပါ) တို့အား ဆောင်ရွက်ပေးရန် တောင်းဆိုခြင်း။

(၃) ADM သို့ ကုန်ပစ္စည်း/ဝန်ဆောင်မှုများကို ပေးပို့ပြီးနောက် နှင့်/သို့မဟုတ် ကုန်ပစ္စည်း/ဝန်ဆောင်မှုများကို ADM က စစ်ဆေးပြီးသည့်တိုင်အောင် ယင်းသို့စစ်ဆေးသည့် အခိုက်အတန့်တွင် ကုန်ပစ္စည်း/ဝန်ဆောင်မှုများကို အသုံးများသော သင့်လျော်သည့် နည်းလမ်းများဖြင့် စစ်ဆေးခြင်းသော်လည်း စစ်ဆေး၍ မရခြင်းကို ရောင်းသူကသိပါလျက်

သို့မဟုတ် သိသင့်ပါလျက်နှင့် ယင်းသို့သော ချွတ်ယွင်းချက်ရှိသည့် ကုန်ပစ္စည်း/ဝန်ဆောင်မှု နှင့် စပ်လျဉ်း၍ ADM သို့ အသိပေး အကြောင်းကြားရန် ပျက်ကွက်ခြင်း သို့မဟုတ် ထို ချွတ်ယွင်းချက်ရှိသည့် ကုန်ပစ္စည်း/ဝန်ဆောင်မှုများသည် စစ်ဆေးရာတွင် ချွတ်ယွင်းနေကြောင်း သိသာထင်ရှားမှု မရှိခြင်းတို့အတွက် သက်ဆိုင်သည့် လျော်ကြေးပေးချေရန် တောင်းဆိုခြင်း။

(၄) ADM က အစားထိုးလဲလှယ်ရန် ကုန်ပစ္စည်း/ဝန်ဆောင်မှုများကို ၎င်းက ယုံကြည်စိတ်ချရသည်ဟု ယူဆရသည့် အရင်းအမြစ်(များ) မှ ရယူရန် ရွေးချယ်ခဲ့လျှင် အော်ဒါစျေးထက် ပိုမိုကုန်ကျသော ကုန်ကျစရိတ်များ နှင့် အသုံးစရိတ်များအား လုံးအတွက် ပေးချေမှုပြုလုပ်ပေးရန် ADM က ရောင်းသူကို တောင်းဆိုနိုင်ခြင်း။

(၅) ကုန်ပစ္စည်း၏ အာမခံပေးထားသည့် ကာလအတွင်း ချွတ်ယွင်းမှု ဖြစ်ပေါ်ပြီး ADM က သတ်မှတ်ပေးသည့် သင့်လျော်သော အချိန်ကာလအတွင်း ရောင်းသူက ယင်းချွတ်ယွင်းမှုကို ပြုပြင်ပေးခြင်းမရှိလျှင် သို့မဟုတ် ပြုပြင်ပေးရန် ပျက်ကွက်လျှင် ယင်းချွတ်ယွင်းမှုအား ပြုပြင်ရန်အတွက် ကုန်ကျစရိတ်များ နှင့် အသုံးစရိတ်အားလုံးကို ရောင်းသူထံမှ တောင်းခံခြင်း။

(ဂ) အော်ဒါ နှင့်/သို့မဟုတ် GC ပါ ကုန်ပစ္စည်း/ဝန်ဆောင်မှု တစ်စုံတစ်ရာကို ADM က ငြင်းပယ်ပြီး ယင်းသို့ ကုန်ပစ္စည်း/ဝန်ဆောင်မှုကို ADM က သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ရောင်းသူက ပြန်လည်ယူဆောင်ရန် ပျက်ကွက်ပါက ADM သည် ၎င်း၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ADM ကသော်လည်းကောင်း သို့မဟုတ် ADM က လွှဲအပ်ထားသည့် တတိယအဖွဲ့အစည်းများကသော်လည်းကောင်း ထိုသို့ ပြန်လည်ယူဆောင်ခြင်းမရှိသော ကုန်ပစ္စည်း/ဝန်ဆောင်မှုကို ရောင်းသူ၏ စရိတ်ဖြင့် ပြန်လည်ပေးပို့ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊ ရောင်းချခြင်း အပါအဝင် အခမဲ့ စီမံဆောင်ရွက်နိုင်သည်။ ကုန်ပစ္စည်း/ဝန်ဆောင်မှုများကို စီမံဆောင်ရွက်ခြင်း သို့မဟုတ် ပြန်လည်ပေးပို့ခြင်းအတွက် ရောင်းသူသည် မည်သည့် ငွေပေးချေမှုကိုမျှရရှိမည် မဟုတ်သည့်အပြင် ကုန်ပစ္စည်း/ဝန်ဆောင်မှုများကို စီမံဆောင်ရွက်ခြင်း သို့မဟုတ် ပြန်လည်ပေးပို့ခြင်းကို အကြောင်းပြု၍ ပေါ်ပေါက်လာသော ကုန်ကျစရိတ်များကိုပါ ကျခံရမည် ဖြစ်သည်။

**၇။ ငွေပေးချေခြင်း**

(က) ADM သည် ရောင်းသူအား အော်ဒါ နှင့် အညီ ငွေပေးချေမည် ဖြစ်သည်။ အော်ဒါထဲတွင် ငွေပေးချေမှုဆိုင်ရာ စည်းကမ်းချက်များကို အတိအလင်း ဖော်ပြထားခြင်း မရှိပါက အော်ဒါ နှင့် စပ်လျဉ်း၍ ပြုလုပ်ရမည့် ငွေပေးချေမှုအားလုံးကို သက်ဆိုင်ရာ ကုန်ပစ္စည်း/ဝန်ဆောင်မှုများ နှင့် တရားဝင် ကုန်ပို့လွှာကို ရောင်းသူထံမှ ADM က လက်ခံရရှိပြီး ရက် (**၉၀**) အတွင်း ပေးချေရမည်။

(ခ) ရောင်းသူက ထုတ်ပေးသည့် တရားဝင် ကုန်ပို့လွှာများကို အတည်ပြုပြီးမှသာ ဤ အော်ဒါ နှင့် GC တွင် သတ်မှတ်ထားသည့် ငွေပေးချေမှု အစီအစဉ် နှင့် ပုံစံအတိုင်း (အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း) ငွေပေးချေမှုကို ADM က ဆောင်ရွက်မည် ဖြစ်သည်။

(ဂ) (၁) ADM သည် ရောင်းသူသို့ ပေးချေရမည့် ငွေပမာဏကို အော်ဒါ နှင့် အညီမဟုတ်ဘဲ အရေအတွက်လျှော့၍ ပေးပို့လာသော ကုန်ပစ္စည်း/ဝန်ဆောင်မှုများအတွက် ADM က အချိုးကျလျှော့၍သော်လည်းကောင်း သို့မဟုတ် ခုနှိမ်၍သော်လည်းကောင်း ပေးနိုင်သည် သို့မဟုတ် (၂) ADM သည် ရောင်းသူသို့ ပေးချေရမည့် ငွေပမာဏကို အပိုဒ် (၉) နှင့် အညီ နောက်ကျကြေးအဖြစ် လျှော့၍သော်လည်းကောင်း သို့မဟုတ် ခုနှိမ်၍သော်လည်းကောင်းပေးနိုင်သည် သို့မဟုတ် (၃) ADM သည် ရောင်းသူသို့ ပေးချေရမည့် ငွေပမာဏကို ရောင်းသူက ကျခံရမည့် သက်ဆိုင်ရာ အခွန်များ၊ အကောက်များကို လျှော့၍သော်လည်းကောင်း သို့မဟုတ် ခုနှိမ်၍သော်လည်းကောင်း ပေးနိုင်သည်။

(ဃ) ADM ၏ ငွေပေးချေမှု တစ်စုံတစ်ရာသည် ငွေပေးချေထားပြီးဖြစ်သော ကုန်ပစ္စည်း/ဝန်ဆောင်မှုများကို လက်ခံရယူခြင်း မမြောက်ပါ။ (အော်ဒါ နှင့် စပ်လျဉ်း၍သော်လည်းကောင်း သို့မဟုတ် အခြားသော အော်ဒါ သို့မဟုတ် စာချုပ် တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍သော်လည်းကောင်း) ရောင်းသူက ADM သို့ ပေးရန်ရှိသော မည်သည့် ငွေပမာဏကို မဆို ADM က ရောင်းသူသို့ ပေးရန်ရှိသည့် ငွေပမာဏ နှင့် မည်သည့် အချိန်အတွင်မဆို ခုနှိမ်နိုင်သည်။ ခုနှိမ်နိုင်ခြင်း မရှိသည့် ကိစ္စရပ်တွင် မည်သည့် ငွေပမာဏအတွက်မဆို ADM သည် ရောင်းသူထံမှ ပြန်အမ်းငွေကို တောင်းခံနိုင်သည်။

(င) ADM က နောက်ကျ၍ ငွေပေးချေမှုအတွက် သက်ဆိုင်ရာဥပဒေအရ အတိုးတောင်းပိုင်ခွင့်ကို ရောင်းသူက စွန့်လွှတ်သည်။ သက်ဆိုင်ရာ ဥပဒေအရ အတိုးတောင်းပိုင်ခွင့် မရှိပါက မည်သည့် နောက်ကျပေးချေမှု၏ နှစ်အလိုက် အတိုးနှုန်းကိုမဆို သုည ရာခိုင်နှုန်း သို့မဟုတ် သက်ဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့် အနိမ့်ဆုံးနှုန်းထားကို ရောင်းသူက သဘောတူသည်။

**<u>၈။ ဝန်ခံကတိပြုခြင်း နှင့် အာမခံခြင်း</u>**

**(က) ကုန်ပစ္စည်း/ဝန်ဆောင်မှုများအတွက် အာမခံခြင်း**

ရောင်းသူက ADM အား အောက်ပါတို့ နှင့် စပ်လျဉ်း၍ ကိုယ်စားပြု အာမခံပါသည် -

(၁) (ADM အား အခြားနည်းဖြင့် ကြိုတင်အသိပေးထားပြီး ADM က စာဖြင့်ရေးသား၍ သဘောတူထားခြင်း မရှိလျှင်) ကုန်ပစ္စည်းများသည် အသုံးမပြုရသေးသော အသစ်များဖြစ်ကြသည်။

(၂) ADM ကို လွှဲပြောင်းပေးသည့် ကုန်ပစ္စည်း/ဝန်ဆောင်မှုများ၏ ပိုင်ဆိုင်မှုကို (က) တတိယ အဖွဲ့အစည်းတစ်ခုက နှောင့်ယှက်တားဆီးခြင်း ရှိမည်မဟုတ်ပါ။ (ခ) လွှဲပြောင်းပေးချိန်တွင် ကုန်ပစ္စည်း/ဝန်ဆောင်မှုများ၏ ပိုင်ဆိုင်မှုသည် အငြင်းပွားမှုဖြစ်နေခြင်း၊ အုပ်ချုပ်မှုဆိုင်ရာ ဆုံးဖြတ်ချက်ချထားခံရခြင်း သို့မဟုတ် ရောင်းခြင်း၊ ဝယ်ခြင်း နှင့် လွှဲပြောင်းခြင်းတို့ကို ကန့်သတ်သည့် တရားရုံးဆုံးဖြတ်ချက် ချမှတ်ခံထားရခြင်း မရှိပါ။ (ဂ) ကြွေးမပြေ၍ အာမခံအဖြစ် ထားရှိထားရခြင်း၊ တောင်းဆိုခံထားရခြင်း သို့မဟုတ် ပိုင်ဆိုင်မှု၏ လုပ်ပိုင်ခွင့်အား မည်သည့် ပုံစံဖြင့်မဆို ကန့်သတ်ခံထားရခြင်း နှင့် ADM သို့ မရောင်းချမီ သို့မဟုတ် မလွှဲပြောင်းမီ ပိုင်ဆိုင်ခွင့်ကို

အခြားသူများ နှင့် ဆောင်ရွက်သော လုပ်ငန်းကိစ္စများတွင် အာမခံအဖြစ်ထားရှိထားခြင်းတို့မှ ကင်းရှင်းသည်။

(၃) ကုန်ပစ္စည်း/ဝန်ဆောင်မှုများသည် အော်ဒါ သို့မဟုတ် ဤ GC တွင် ဖော်ပြထားသည့် သတ်မှတ်ချက်များ အားလုံးနှင့် ကိုက်ညီသည်။

(၄) သိသာထင်ရှားခြင်းရှိသည်ဖြစ်စေ သို့မဟုတ် သိသာထင်ရှားခြင်းမရှိသည်ဖြစ်စေ ကုန်ပစ္စည်း/ဝန်ဆောင်မှုများသည် ရောင်းတန်းဝင်သည့် သင့်တင့်သော အရည်အသွေးရှိပြီး ယင်းတို့အား ထုပ်လုပ် ပေးအပ်ရသော အကြောင်းကိစ္စ နှင့် ကျိုးကြောင်းညီညွတ်စွာဖြင့် ရည်ရွယ်ထားသော ကိစ္စရပ်များအတွက်လည်း သင့်တော်သည့်အပြင် ချွတ်ယွင်းချက် ကင်းရှင်းသည်။

(၅) ကုန်ပစ္စည်း/ဝန်ဆောင်မှုများကို လုပ်ငန်းဆောင်ရွက်နိုင်သည့် အနေအထားဖြင့် ပေးအပ် တပ်ဆင်ပေးမည်။

(၆) ကုန်ပစ္စည်း/ဝန်ဆောင်မှုများ နှင့် စပ်လျဉ်း၍ ADM သို့ မမှန်မကန် ကိုယ်စားပြုထားခြင်း မရှိပါ။

အထက်ပါ အာမခံချက်များသည် အခြားသော အကျုံးဝင်သည့် အာမခံချက်များအပြင် ထပ်ဆောင်းပေးသော အာမခံချက်များဖြစ်ပြီး အခြားသော အကျုံးဝင်သည့် အာမခံချက်များအားလုံးကို အတိအလင်းသော်လည်းကောင်း သို့မဟုတ် သွယ်ဝိုက်၍သော်လည်းကောင်း အစားထိုးခြင်း မဟုတ်ပါ။

**(ခ) ဥပဒေအား လေးစားလိုက်နာရန်အတွက် အာမခံချက်များ**

(၁) သက်ဆိုင်ရာ ADM ကုမ္ပဏီအား တည်ထောင်ထားသည့် နိုင်ငံ၏ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ နှင့် စည်းမျဉ်းစည်းကမ်းများအားလုံးကို ရောင်းသူက လေးစားလိုက်နာရမည့်အအပြင် ရောင်းသူ၏ ကုန်ပစ္စည်း/ဝန်ဆောင်မှုများ နှင့် ရောင်းသူ၏ ပေးသွင်းမှုသည် သက်ဆိုင်ရာ ADM ကုမ္ပဏီအား တည်ထောင်ထားသည့် နိုင်ငံ၏ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ နှင့် စည်းမျဉ်းစည်းကမ်းများအားလုံး နှင့် အညီသာ ဖြစ်ရမည်။

(၂) ဤ GC နှင့် အော်ဒါပါ ရောင်းသူ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရန်အတွက် လိုအပ်သည့် လုံလောက်သည့် လိုင်စင်များ၊ ခွင့်ပြုမိန့် နှင့် ထောက်ခံချက်တို့ ရောင်းသူတွင်ရှိကြောင်း ရောင်းသူက ကိုယ်စားပြု အာမခံသည့်အပြင် ယင်းသို့သော ကိုယ်စားပြုခြင်း၊ အာမခံခြင်းတို့ နှင့် စပ်လျဉ်း၍ ပေါ်ပေါက်လာသော မည်သည့်ထိခိုက် နစ်နာမှုအတွက်မဆို ရောင်းသူတစ်ဦးတည်းထံတွင်သာ တာဝန်ရှိကြောင်း၊ အဆိုပါထိခိုက်နစ်နာမှုတို့အတွက် ရောင်းသူက ADM ၏ ဒါရိုက်တာများ၊ အရာရှိများ၊ အမှုထမ်းများ၊ ဝန်ထမ်းများ နှင့် အေးဂျင့်များကို ပေးလျော်မည်ဖြစ်ကြောင်းနှင့် ထိုသို့သော ထိခိုက်နစ်နာမှုအတွက် ADM ၏ ဒါရိုက်တာများ၊ အရာရှိများ၊ အမှုထမ်းများ၊ ဝန်ထမ်းများ နှင့် အေးဂျင့်များကို ထိခိုက်နစ်နာစေမည် မဟုတ်ကြောင်းကိုလည်း ရောင်းသူက ကိုယ်စားပြု အာမခံသည်။

**(ဂ) တီထွင်မှုမူပိုင်ခွင့်အတွက် အာမခံချက်များ**

(၁) ADM ၏ ကုန်ပစ္စည်း/ဝန်ဆောင်မှုများနှင့် ဆက်စပ်နေသည့် တီထွင်မှုဆိုင်ရာ အခွင့်အရေးများကို အသုံးပြုခြင်းသည် တတိယ အဖွဲ့အစည်းများ၏ တီထွင်မှုမူပိုင်ခွင့်ကို ချိုးဖောက်ရာ မရောက်ကြောင်း ရောင်းသူက အာမခံသည်။

(၂) အော်ဒါတွင် အခြားနည်းဖြင့် အတိအလင်း သဘောတူထားခြင်းမရှိလျှင် ADM အတွက် ကုန်ပစ္စည်း/ဝန်ဆောင်မှုများ၏ ကုန်အမှတ်တံဆိပ်များ၊ လုပ်ငန်းသုံးအမည် (Commercial Name) များ၊ အရည်အသွေး၊ ဒီဇိုင်းများ နှင့်/သို့မဟုတ် ကုန်ပစ္စည်း/ဝန်ဆောင်မှုများကို ADM ၏ အသုံးပြုမှုအတွက်သော်လည်းကောင်း၊ ယင်း ကုန်ပစ္စည်း/ဝန်ဆောင်မှုများ၏ ကိစ္စအလို့ငှာလည်းကောင်း အသုံးပြုနိုင်စေရန် ဆောင်ရွက်ထားရှိရမည်။

(၃) ကုန်ပစ္စည်း/ဝန်ဆောင်မှု တစ်ခုခုကို လက်ဝယ်ပိုင်ဆိုင်ခြင်း သို့မဟုတ် အသုံးပြုခြင်းဖြင့် တတိယ အဖွဲ့အစည်းတစ်ခုခု၏ တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးများကို ချိုးဖောက်ခြင်း သို့မဟုတ် အလွဲသုံးစားပြုလုပ်ရာရောက်သဖြင့် ပြုလုပ်သော တောင်းဆိုမှုတစ်ခုခုကိုအကြောင်းပြု၍ ပေါ်ပေါက်လာသော ဥပဒေအရ တာဝန်ရှိမှုများအတွက် ရောင်းသူသည် ADM နှင့် ADM လွှဲအပ်တာဝန်ပေးထားသူများ၊ ADM ထံမှ လွှဲပြောင်းရယူသူများ နှင့် ADM ထံမှတစ်ဆင့် လိုင်စင်ရယူထားသူများ (ရှိလျှင်) ကို ပေးလျော်ရမည်။

(၄) အထက်တွင် မည်သို့ပင်ဆိုစေကာမူ အော်ဒါတွင် အခြားနည်း သတ်မှတ်ဖော်ပြထားခြင်းမရှိလျှင် ရောင်းသူသည် ဝန်ဆောင်မှုများကို အကြောင်းပြု၍ ပေါ်ပေါက်လာသော တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများအားလုံးကို ADM သို့ အပ်နှင်းရမည်။

(၅) တီထွင်မှုမူပိုင်ခွင့် အခွင့်အရေးများကို ချိုးဖောက်သည့် ကုန်ပစ္စည်း/ဝန်ဆောင်မှုများအား အပိုဒ် (၆) - ချွတ်ယွင်းချက်ရှိသည့် ကုန်ပစ္စည်း/ဝန်ဆောင်မှု အပိုဒ် နှင့် အညီ ရောင်းသူက ပြန်လည်သိမ်းဆည်းရမည်။

**(ဃ) အမြင့်ဆုံး ကျင့်ဝတ်စံနှုန်း နှင့် အကျိုးစီးပွား ပဋိပက္ခမရှိကြောင်း အာမခံချက်များ**

ရောင်းသူသည် ADM အား အောက်ပါတို့ကို ကိုယ်စားပြု အာမခံသည် -

(၁) အမြင့်ဆုံး ကျင့်ဝတ်စံနှုန်းများကို လိုက်နာရန် သဘောတူသည်။ အထူးသဖြင့် ဤ GC နှင့် အော်ဒါတို့ နှင့် ဆက်စပ်၍ ရောင်းသူတွင် အမှန်တကယ် သို့မဟုတ် ဖြစ်လာနိုင်ခြေရှိသည့် အကျိုးစီးပွား ပဋိပက္ခမရှိကြောင်း ရောင်းသူက ကြေညာသည်။ အကျိုးစီးပွား ပဋိပက္ခသည် အထူးသဖြင့် စီးပွားရေး နှင့်/သို့မဟုတ် နိုင်ငံရေးဆိုင်ရာ အကျိုးစီးပွားများကို အကြောင်းပြု၍ ပေါ်ပေါက်လာသည်။

(၂) အကျိုးစီးပွား ပဋိပက္ခအဖြစ် ယူဆနိုင်သော မည်သည့် အခြေအနေ သို့မဟုတ် ဖြစ်လာနိုင်ခြေရှိသည့် အကျိုးစီးပွား ပဋိပက္ခသို့ ဦးတည်နေသော မည်သည့် အခြေအနေကိုမဆို နှောင့်နှေးကြန့်ကြာခြင်း မရှိစေဘဲ ADM သို့ အသိပေး အကြောင်းကြားရမည့်အပြင်

(၃) ADM နှင့် စီးပွားရေးဆိုင်ရာ ဆက်ဆံရေး ထူထောင်ရန်အတွက် မက်လုံးအနေဖြင့်သော်လည်းကောင်း သို့မဟုတ် ဆုလာဘ် အနေဖြင့်သော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ

မည်သည့် စာချုပ်ဝင် (ADM ၏ အစုရှယ်ယာရှင်များ၊ ဒါရိုက်တာများ၊ အရာရှိများ နှင့်/သို့မဟုတ် ဝန်ထမ်းများ ပါဝင်ပြီး ယင်းတို့ကိုသာ ကန့်သတ်ထားခြင်း မဟုတ်ပါ) ကိုမှ အကျိုးအမြတ် တစ်စုံတစ်ရာ (ငွေကြေး၊ ငွေကြေးအဖြစ် အဆင်သင့် ပြောင်းလဲနိုင်သော ရင်းနှီးမြုပ်နှံမှု၊ ဘောက်ချာ၊ လက်ဆောင် သို့မဟုတ် အခြားသော အကျိုးခံစားခွင့် တစ်စုံတစ်ရာ ပါဝင်ပြီး ယင်းတို့ကိုသာ ကန့်သတ်ထားခြင်း မဟုတ်ပါ) ကို ခွင့်ပြုခဲ့ခြင်း၊ နောင်တွင် ခွင့်ပြုခြင်း၊ တောင်းခံခဲ့ခြင်း၊ နောင်တွင် တောင်းခံခြင်း၊ ယင်းတို့ကို ရရှိရန် ကြိုးစားခဲ့ခြင်း၊ နောင်တွင် ကြိုးစားခြင်း၊ လက်ခံခဲ့ခြင်း၊ နောင်တွင် လက်ခံခြင်း ပြုလုပ်မည် မဟုတ်ပါ။

**(င) ရောင်းသူ၏ အခြားသော အာမခံချက်များ နှင့် ဝန်ခံကတိပြုချက်များ**

ရောင်းသူသည် အောက်ပါတို့ကို ဝန်ခံ ကတိပြုသည်

(၁) အော်ဒါအား ရောင်းသူက အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ADM က မည်သည့် ပုံစံဖြင့် ဆက်သွယ်ပေးပို့ထားသော သတင်းအချက်အလက်များ ("လျှို့ဝှက်ထားရှိရမည့် သတင်းအချက်အလက်များ") ကိုမဆို လျှို့ဝှက်ထားရှိပေးရန်။ လျှို့ဝှက်ထားရှိရမည့် သတင်းအချက်အလက်များကို ရယူအသုံးပြုနိုင်သည့် ရောင်းသူ၏ လုပ်ပိုင်ခွင့်လွှဲအပ်ထားသော ကိုယ်စားလှယ်များက ဤ အော်ဒါ နှင့်/သို့မဟုတ် GC ပါ လျှို့ဝှက်ထားရှိမှုဆိုင်ရာ တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ပြီး စည်းနှောင်မှုရှိစေရေးအတွက် လိုအပ်သည့် အစီအမံများအားလုံးကို ရောင်းသူက ဆောင်ရွက်ပေးရမည်။ ရောင်းသူက သူ၏ လုပ်ပိုင်ခွင့်လွှဲအပ်ထားသော ကိုယ်စားလှယ်များကို အခြားသော စာချုပ်ဝင်၏ သတင်းအချက်အလက်များအား သိသင့်သည်ကိုသာ ဖွင့်ဟရမည်ဖြစ်ပြီး ယင်းသို့ ဖွင့်ဟခြင်းသည်လည်း အော်ဒါ နှင့်/သို့မဟုတ် ဤ GC အား အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက်သာဖြစ်ရမည်။

(၂) ဤ GC ပူးတွဲထားသော နောက်ဆက်တွဲ (က) ပါ ADM ၏ လိုက်နာဆောင်ရွက်မှုစံ အပိုဒ်ကို လိုက်နာဆောင်ရွက်ရန်။

(၃) http://www.adm.com/our-company/procurement/supplier-Expectations ရယူဖတ်ရှုနိုင်သော ကုန်ပစ္စည်း/ဝန်ဆောင်မှု ပေးသွင်းသူ အပေါ်ထားရှိသည့် ADM ၏ မျှော်မှန်းချက်များကို လိုက်နာဆောင်ရွက်ရန်။ ယင်းမျှော်မှန်းချက်များကို ADM က အခါအားလျော်စွာ ပြောင်းလဲ၊ ပြင်ဆင် နှင့်/သို့မဟုတ် ဖြည့်စွက်နိုင်သည်။

(၄) ADM က စာဖြင့်ရေးသား၍ ကြိုတင်ခွင့်ပြုထားခြင်းမရှိဘဲ ရောင်းသူသော်လည်းကောင်း သို့မဟုတ် ၎င်း၏ ဝန်ထမ်း၊ အေးဂျင့် သို့မဟုတ် အခြားသော ကိုယ်စားလှယ်များ ADM ၏ အဆောက်အအုံများ (Facilities) များသို့ ဝင်ထွက်သွားလာခြင်း (Access) မရှိစေရန် ဆောင်ရွက်ရမည်။ ထို့အပြင် ရောင်းသူ နှင့် ၎င်း၏ ဝန်ထမ်းများ၊ အေးဂျင့်များ နှင့် အခြားသော ကိုယ်စားလှယ်များသည် အဆောက်အအုံ နှင့် သက်ဆိုင်သည့် ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများ နှင့် လုပ်ထုံးလုပ်ငန်းများအပါအဝင် အဆောက်အအုံ နှင့် သက်ဆိုင်သည့် ကျန်းမာရေး နှင့်

ဘေးကင်းလုံခြုံရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများ နှင့် လုပ်ထုံးလုပ်ငန်းများကို လိုက်နာဆောင်ရွက် ရမည်။

## ၉။ အကောင်အထည်ဖော် ဆောင်ရွက်မှု နောက်ကျခြင်း

(က) ချွတ်ယွင်းချက်ရှိသည့် ကုန်ပစ္စည်း/ဝန်ဆောင်မှုများကို ပြုပြင်သည့် အချိန် နှင့်/သို့မဟုတ် အစားထိုးသည့် အချိန်အပါအဝင် အော်ဒါတွင် ဖော်ပြထားသော ကုန်ပစ္စည်းများ ပေးပို့ရာတွင်လည်းကောင်း သို့မဟုတ် ဝန်ဆောင်မှုများအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်းကောင်း နှောင့်နှေးကြန့်ကြာသည့် တစ်ရက်တိုင်းအတွက်သက်ဆိုင်ရာ ဥပဒေ၏ ခွင့်ပြုနိုင်သော အတိုင်းအတာအထိ ရောင်းသူသည် ADM အား အော်ဒါ တန်ဖိုး၏ သုညဒသမ သုည ရာခိုင်နှုန်း (၀.၀၅%) ပေးရန် ဥပဒေအရ တာဝန်ရှိသည်။ အကောင်အထည်ဖော် ဆောင်ရွက်မှု နောက်ကျသည့်အတွက် ပေးချေရသော ငွေပမာဏသည် ယင်းသို့ကုစားမှုအတွက် သက်ဆိုင်ရာ ဥပဒေက ခွင့်ပြုထားသည့် အများဆုံးငွေပမာဏကို ကျော်လွန်ခြင်းမရှိစေရမည့်အပြင် ခွင့်ပြုထားပါက အော်ဒါတွင် ဖော်ပြထားသော ကုန်ပစ္စည်း/ဝန်ဆောင်မှုများ၏ စုစုပေါင်းဈေးနှုန်းထက် ကျော်လွန်ခြင်းမရှိစေရ။ အကောင်အထည်ဖော် ဆောင်ရွက်မှု နောက်ကျသည့်အတွက် ပေးချေရသော ငွေပမာဏအပြင် ADM သည် ၎င်း၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် အော်ဒါ နှင့် GC အား အပိုဒ် ၁၁ နှင့် အညီ ရပ်စဲရန် ရွေးချယ်နိုင်သည်။

(ခ) မည်သည့် ကိစ္စတွင်မဆို အကောင်အထည်ဖော်ဆောင်ရွက်မှု နောက်ကျခြင်းအတွက် ပေးဆောင်ရသည့် ငွေပမာဏသည် အောက်တွင်ဖော်ပြထားသော အပိုဒ် ၁၀ ပါ ADM ၏ လျော်ကြေးရပိုင်ခွင့်ကို ထိခိုက်စေမည် မဟုတ်ပါ။

## ၁၀။ လျော်ကြေးပေးခြင်း

(က) စာဖြင့်ရေးသား၍ သတ်မှတ်ထားခြင်းမရှိလျှင် အော်ဒါ နှင့် GC အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထက်၌ဖော်ပြထားသော အပိုဒ် (၉) ပါ အကောင်အထည်ဖော် ဆောင်ရွက်မှု နောက်ကျသည့်အတွက် ပေးချေရသည် ငွေပမာဏအပြင် (GC နှင့် အော်ဒါတို့တွင် သတ်မှတ်ထားသည့်) တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော စည်းကမ်းချက်များကို ချိုးဖောက်ခြင်းဖြင့် အခြားသော စာချုပ်ဝင် အပေါ်တွင် ထိခိုက်နစ်နာမှုများ နှင့် ဆုံးရှုံးမှုများကို ဖြစ်ပေါ်စေသော စာချုပ်ဝင်သည် ယင်းသို့သော ထိခိုက်နစ်နာမှုများအတွက် လျော်ကြေးပေးရမည် ဖြစ်သည်။

(ခ) ဤ အပိုဒ်တွင် သတ်မှတ်ထားသော ဆုံးရှုံးမှု နှင့် ထိခိုက်နစ်နာမှုများတွင် အောက်ဖော်ပြပါ အကြောင်းကိစ္စများကြောင့် ပေါ်ပေါက်လာသည့် တတိယ အဖွဲ့အစည်း၏ ဆုံးရှုံးမှုများ၊ တောင်းဆိုမှုများ၊ ဥပဒေအရ တာဝန်ရှိမှုများ၊ နစ်နာကြေးများ၊ ကုန်ကျ စရိတ်များ၊ အသုံးစရိတ်များ နှင့် ဥပဒေအရ အရေးယူမှုများ၊ ရှေ့နေခ နှင့် တရားရုံးစရိတ်များသည် သက်ဆိုင်ရာ ဥပဒေက ခွင့်ပြုထားသည့် အတိုင်းအတာအထိပါဝင်သည် - (က) ရောင်းသူ၊ ၎င်း၏ ဒါရိုက်တာများ၊ အရာရှိများ၊ ဝန်ထမ်းများ၊ အေးဂျင့်များ သို့မဟုတ် ကန်ထရိုက်များ၏ ပေါ့လျော့သည့် ဆောင်ရွက်မှု၊ အရေးကြီးသည့် ချန်လုပ်မှု သို့မဟုတ် ရည်ရွယ်ချက်ရှိရှိ မသင့်မလျော် ပြုမူဆောင်ရွက်ခြင်း၊ (ခ) ကုန်ပစ္စည်းများ သို့မဟုတ်

ဝန်ဆောင်မှုများကသော်လည်းကောင်း သို့မဟုတ် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို ရောင်းချခြင်း၊ ပြန်လည်ရောင်းချခြင်း သို့မဟုတ် အသုံးပြုခြင်းသည် တတိယ အဖွဲ့အစည်းတစ်ခု၏ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ချိုးဖောက်သည်ဟု စွပ်စွဲခြင်း၊ (ဂ) အော်ဒါ နှင့်/သို့မဟုတ် GC အား ရောင်းသူက ဖောက်ဖျက်ခြင်း သို့မဟုတ် (ဃ) ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများ ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း နှင့်/သို့မဟုတ် ပေးအပ်ခြင်းတို့အပေါ်တွင် စီရင်ပိုင်ခွင့်ရှိသည့် အစိုးရ အဖွဲ့အစည်းများ၏ သက်ဆိုင်ရာ ဥပဒေ သို့မဟုတ် စည်းမျဉ်းစည်းကမ်းများကို ရောင်းသူက လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

(ဂ) လွဲမှားကောက်ယူမှု မရှိစေရန်မှာ အော်ဒါ သို့မဟုတ် GC တွင် အတိအလင်း ဖော်ပြထားခြင်းမရှိလျှင် ADM က ရောင်းသူအပေါ်တွင် ဥပဒေအရ တာဝန်ရှိမည် မဟုတ်ပါ။ သဘာဝအလျောက် ဖြစ်သော အမြတ်အစွန်း ဆုံးရှုံးမှုများ သို့မဟုတ် ကြိုတင်တွက်ချက်ထားသော အမြတ်အစွန်း ဆုံးရှုံးမှုများ၊ ထုတ်လုပ်မှု အသုံးပြုခြင်း သို့မဟုတ် ထုတ်လုပ်မှုကြန့်ကြာခြင်းအတွက် ဆုံးရှုံးမှု သို့မဟုတ် ကြိုတင်တွက်ဆထားသော ထုတ်လုပ်မှု အသုံးပြုခြင်း သို့မဟုတ် ထုတ်လုပ်မှုကြန့်ကြာခြင်းအတွက် ဆုံးရှုံးမှု၊ စီးပွားအရေးအခွင့်အလမ်း ဆုံးရှုံးမှု သို့မဟုတ် ကြိုတင်တွက်ဆထားသော စီးပွားရေး အခွင့်အလမ်းဆုံးရှုံးမှု၊ နာမည်ဂုဏ်သတင်း ဆုံးရှုံးမှု နှင့် စီးပွားရေးလုပ်ငန်း အဆက်ပြတ်မှုကြောင့် ဆုံးရှုံးမှု အပါအဝင် ယင်းတို့ကိုသာ ကန့်သတ်ထားခြင်းမဟုတ်ဘဲ အော်ဒါ သို့မဟုတ် ဤ GC ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော သို့မဟုတ် အော်ဒါ သို့မဟုတ် ဤ GC နှင့် သက်ဆိုင်သည့် ပြစ်ဒဏ်အဖြစ် သတ်မှတ်သော၊ ဆက်နွယ်ပေါ်ပေါက်လာသော၊ တိုက်ရိုက်မဟုတ်သော၊ သီးသန့်ဖြစ်သော၊ တားဆီးမှုသဘော ပြစ်ဒဏ်သတ်မှတ်သော သို့မဟုတ် အကျိုးဆက်ဖြစ်သော ထိခိုက်နစ်နာမှုများသည် မည်သည့်အတိုင်းအတာအထိ ဖြစ်ခဲ့သည်ဖြစ်စေ စာချုပ်အနေဖြင့်သော်လည်းကောင်း၊ တရားမနစ်နာမှုဖြင့်သော်လည်းကောင်း၊ သီးခြားတာဝန်ရှိမှုဖြင့်သော်လည်းကောင်း ADM သည် မည်သည့် အခြေအနေတွင်မဆို ဥပဒေအရ တာဝန်မရှိပါ။

(ဃ) မည်သည့် စာချုပ်ဝင်ကမဆို ထိခိုက်နစ်နာမှုကို ဖြစ်ပေါ်စေသည်ဖြစ်စေ ယင်းထိခိုက်နစ်နာမှုကို လျော့ပါးသက်သာစေရန်အတွက် လက်သင့်ခံနိုင်လောက်သည့် ဆောင်ရွက်မှုတို့ကို လုပ်ဆောင်ရန် ADM နှင့် ရောင်းသူတို့တွင် ဥပဒေအရ တာဝန်ရှိသည်။ ထိခိုက်နစ်နာမှုကို လျော့ပါးသက်သာစေရေး ဆောင်ရွက်ရန် ပျက်ကွက်သော မည်သည့် စာချုပ်ဝင်မဆို တစ်ဖက်စာချုပ်ဝင်အား ယင်းစာချုပ်ဝင်၏ ထိခိုက်နစ်နာမှု လျော့ပါးသက်သာစေရေး ဆောင်ရွက်မှုနှင့်သက်ဆိုင်သည့် ကျိုးကြောင်းဆီလျော်သော ကုန်ကျစရိတ်များ နှင့် အသုံးစရိတ်များ တောင်းဆိုခွင့်ကို ရရှိသွားစေမည်ဖြစ်သည်။

## <u>၁၁။ စီးပွားရေးဆိုင်ရာ ဆက်ဆံရေးအား ရပ်စဲခြင်း</u>

(က) အောက်ပါ အခြေအနေတို့တွင် ADM က လိုအပ်သည်ဟု မှတ်ယူလျှင် မည်သည့် အချိန်တွင်မဆို ရောင်းသူအပေါ်တွင် ADM အတွက် ဥပဒေအရ တာဝန်မရှိစေဘဲ အတည်ပြုထားသည့် နောက်ထပ် အော်ဒါ(များ) (ရှိလျှင်) အပါအဝင် ဤ GC နှင့်/သို့မဟုတ် အော်ဒါအရ ရောင်းသူအား ချက်ချင်း စာရေးသားအကြောင်းကြား၍ စီးပွားရေးဆိုင်ရာ ဆက်ဆံရေးကို ရပ်စဲနိုင်သည်-

(၁) ယင်းသို့သော စီးပွားရေးဆိုင်ရာ ဆက်ဆံရေးကို အကောင်အထည်ဖော် ဆောင်ရွက်နေစဉ်အတွင်း GC နှင့် အော်ဒါပါ ရောင်းသူ၏ တာဝန်ဝတ္တရားများကို ရောင်းသူက ချိုးဖောက်ခြင်း၊ သို့မဟုတ်

(၂) ရောင်းသူက ၎င်း၏ သဘောဆန္ဒအလျောက် ကြွေးမြီပေးဆပ်ရန် မြီရှင်များနှင့် အစီအစဉ်ပြုလုပ်ခြင်း သို့မဟုတ် (ပေါင်းစည်းခြင်း သို့မဟုတ် ပြန်လည်ဖွဲ့စည်းခြင်းမှအပ) ဒေဝါလီခံရခြင်း၊ လုပ်ငန်းဖျက်သိမ်းခြင်း၊ စာရင်းရှင်းလင်းခြင်း၊ ပြည်လည်ထူထောင်ရေးအစီအစဉ်အတိုင်းပြုလုပ်ခြင်း၊ ပစ္စည်းများကို စီမံဆောင်ရွက်ခြင်း သို့မဟုတ် အခြားသော လူမွဲခံယူခြင်းဆိုင်ရာ အစီအစဉ်များ ဆောင်ရွက်ခံရခြင်း၊ သို့မဟုတ်

(၃) ကြွေးမြီများပေးဆပ်ရန် စေ့ရောက်ချိန်တွင် ရောင်းသူက ကြွေးမြီများ မပေးဆပ်နိုင်ခြင်း သို့မဟုတ် ကြွေးမြီးများ မပေးပဲနေမည်ဟု ရောင်းသူက ခြိမ်းခြောက်ခြင်း။

(၄) မည်သူမဆို (အပေါင်ခံသူ သို့မဟုတ် အခြားသော အကြွေးရှင်) က အာမခံပစ္စည်း လုပ်ပိုင်ခွင့်အား ရောင်းသူအပေါ်တွင် ကျင့်သုံးဆောင်ရွက်ခြင်း၊ သို့မဟုတ်

(၅) ရောင်းသူ၏ ပိုင်ဆိုင်မှု သို့မဟုတ် လက်ဝယ်ရှိ ပစ္စည်းများအတွက် ပစ္စည်းထိန်း သို့မဟုတ် ပြန်လည်ထူထောင်ရေး မန်နေဂျာ သို့မဟုတ် အစီအစဉ် ကြီးကြပ်သူ ခန့်အပ်ခြင်း၊ သို့မဟုတ်

(၆) ရောင်းသူက ၎င်း၏ စီးပွားရေးလုပ်ငန်းအား ရပ်စဲခြင်း သို့မဟုတ် ရပ်စဲရန် ခြိမ်းခြောက်ခြင်း၊ သို့မဟုတ်

(၇) ရောင်းသူ၏ ပိုင်ဆိုင်မှု သို့မဟုတ် ထိန်းချုပ်မှုတွင် အရေးကြီးသည့် အပြောင်းအလဲဖြစ်ခြင်း၊ သို့မဟုတ်

(၈) အထက်ဖော်ပြပါ အကြောင်းအရာများ ဖြစ်ပေါ်တော့မည်ဟု ADM က ကျိုးကြောင်းဆီလျော်စွာ ထင်မြင်ယူဆသဖြင့် ရောင်းသူအား အကြောင်းကြားခြင်း။

(ခ) အထက်ဖော်ပြပါ စည်းကမ်းချက်များက မည်သို့ပင်ဆိုစေကာမူ ADM သည် မည်သည့် အချိန်တွင်မဆို ရောင်းသူအပေါ်တွင် ADM အတွက် ဥပဒေအရ တာဝန်မရှိစေဘဲ ရောင်းသူအား ရက်ပေါင်း (၃၀) ကြိုတင်၍ စာရေးသား အကြောင်းကြားကာ စီးပွားရေးဆိုင်ရာ ဆက်ဆံရေးအား အကြောင်းပြချက်မရှိဘဲ ရပ်စဲပစ်နိုင်သည်။

(ဂ) အောက်ဖော်ပြပါ အခြေအနေများတွင် ရောင်းသူသည် ရက်ပေါင်း (၃၀) ကြိုတင်၍ ADM အား စာရေးသား အကြောင်းကြားကာ အော်ဒါအား ရပ်စဲနိုင်သည် -

(၁) ငွေပေးချေရမည့် အစီအစဉ်၏ သတ်မှတ်ရက် ကုန်ဆုံးပြီးနောက် ပေးရန်အချိန်နှောင်းနေသော ငွေပေးချေမှုကို ၄၅ ရက်ကျော်လွန်သည်အထိ ADM က ရောင်းသူကို ပေးချေမှုမပြုခြင်း။

(၂) အပိုဒ် ၁၁ (ဂ) (၁) တွင် ဖော်ပြထားသည်မှအပ စီးပွားရေးဆိုင်ရာ ဆက်ဆံရေးကို အကောင်အထည်ဖော် ဆောင်ရွက်နေစဉ်အတွင်း ADM က ဤ GC နှင့်/သို့မဟုတ် အော်ဒါပါ ၎င်း၏

တာဝန်ဝတ္တရားများကို ဖောက်ဖျက်ပြီး ယင်းသို့ ဖောက်ဖျက်မှုကို ကုစားပေးရန် ရောင်းသူက စာရေးသားတောင်းဆိုပြီး ၄၅ ရက်အတွင်း ကုစားပေးရန် ADM က ပျက်ကွက်ခြင်း။

## ၁၂။ မရှောင်လွှဲနိုင်သောအဖြစ်

ရောင်းသူ၏ ကျိုးကြောင်းဆီလျော်သော ထိန်းချုပ်မှုအောက်တွင် မရှိသော အကြောင်းကိစ္စများ (ADM ၏ ကျိုးကြောင်းဆီလျော်သော ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် သတ်မှတ်ထားသည့်အတိုင်း) ကြောင့် ကုန်ပစ္စည်း/ဝန်ဆောင်မှုများကို ပေးသွင်းခြင်း နှင့်/သို့မဟုတ် ပေးပို့ရာတွင် နှောင့်နှေးကြန့်ကြာမှု တစ်စုံတစ်ရာ သို့မဟုတ် ပျက်ကွက်မှု တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက ရောင်းသူသည် ယင်းသို့သော အခြေအနေများ နှင့် တာဝန်ဝတ္တရားကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အခြားနည်းလမ်းများကို ADM သို့ ချက်ချင်း အကြောင်းကြားရမည့်အပြင် တာဝန်ဝတ္တရားကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အခြားနည်းလမ်းများကို ADM နှင့် တိုင်ပင်ဆွေးနွေးပြီး အော်ဒါပါ ရောင်းသူ၏ တာဝန်ဝတ္တရားများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိမှုကို အနည်းဆုံးဖြစ်စေရန်အတွက် အကောင်းဆုံး ကြိုးပမ်းဆောင်ရွက်ရမည်။ တာဝန်ဝတ္တရားများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခြားနည်းလမ်းများကို စာချုပ်ဝင်များက သဘောတူညီမှု ရယူနိုင်ခြင်းမရှိပါက ADM သည် ရောင်းသူအပေါ်တွင် ဥပဒေအရ တာဝန်မရှိစေဘဲ ADM သည် အော်ဒါကို တစ်ခုလုံးကိုသော်လည်းကောင်း သို့မဟုတ် တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း ဖျက်သိမ်းခြင်း သို့မဟုတ် ရပ်ဆဲခြင်း ပြုနိုင်သည်။

## ၁၃။ လွှဲအပ်တာဝန်ပေးမှု မရှိခြင်း

(က) အော်ဒါတွင် ပါဝင်ခြင်းမရှိသော လူပုဂ္ဂိုလ်တစ်ဦးသည်း ဥပဒေအရသော်လည်းကောင်း သို့မဟုတ် အခြားနည်းအရသော်လည်းကောင်း ဤ ဥပဒေ သို့မဟုတ် GC ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်စေရန်အတွက် အခွင့်အရေး မရှိပါ။

(ခ) ADM ၏ ကြိုတင်စာရေးသားခွင့်ပြုချက်မရှိဘဲ ရောင်းသူသည် ဤ အော်ဒါပါ ၎င်း၏ အခွင့်အရေးများ နှင့်/သို့မဟုတ် တာဝန်ဝတ္တရားများကို လွှဲအပ်တာဝန်ပေးခြင်း၊ အစားထိုးပြောင်းလဲခြင်း သို့မဟုတ် အခြားနည်းဖြင့် လွှဲပြောင်းခြင်း မပြုရ။

(ဂ) GC နှင့်/သို့မဟုတ် အော်ဒါပါ ရောင်းသူ၏ အခွင့်အရေးများ နှင့်/သို့မဟုတ် တာဝန်ဝတ္တရားများအားလုံးကိုလည်းကောင်း သို့မဟုတ် တစ်စိတ်တစ်ပိုင်းကိုလည်းကောင်း ရောင်းသူက ၎င်း၏ မည်သည့် တွဲဖက်လုပ်ကိုင်သူကိုမဆို ကုန်ပစ္စည်း/ဝန်ဆောင်မှုများ နှင့် သက်ဆိုင်သည့် ADM ၏ စီးပွားရေးလုပ်ငန်း အစိတ်အပိုင်း တစ်ခုလုံး သို့မဟုတ် ယင်းအစိတ်အပိုင်း၏ တစ်စိတ်တစ်ဒေသကို ပိုင်ဆိုင်ခွင့်ရှိသည့် ဆက်ခံသူ (Successor in Title) အား လွှဲအပ်တာဝန်ပေးရန်အတွက် မည်သည့် အချိန်တွင်မဆို စာဖြင့်ရေးသား အကြောင်းကြားစာကို ရောင်းသူထံသို့ ADM က ပေးပို့ပိုင်ခွင့်ရှိသည်။

## ၁၄။ ဆက်ဆံရေး

ဤ GC ပါ မည်သည့် အချက်ကမဆို သို့မဟုတ် ရောင်းသူက ADM အား ဝန်ဆောင်မှုများ သို့မဟုတ် ကုန်ပစ္စည်းများ ပေးအပ်ခြင်းသည် ရောင်းသူ နှင့် ADM အကြား မည်သည့် ဖက်စပ်လုပ်ငန်း သို့မဟုတ် အစုစပ်လုပ်ငန်း အမျိုးအစားကိုမဆို ဖြစ်ပေါ်စေမည် မဟုတ်သည့်အပြင် မည်သည့် စာချုပ်ဝင်ကမှ မည်သည့် စာချုပ်ဝင်အတွက်မဆို မည်သည့် ကိစ္စအတွက်မျှ အေးဂျင့်၊ ဝန်ထမ်း၊ အခွင့်အာဏာလွှဲအပ်ခြင်းခံရသူ သို့မဟုတ် တရားရေး ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခွင့်ကို ဖြစ်ပေါ်စေမည် မဟုတ်ပါ။ယင်းသို့သော စီးပွားရေးဆိုင်ရာ ဆက်ဆံရေးအရ မည်သည့် စာချုပ်ဝင်ကမှ တစ်ဖက်စာချုပ်ဝင် ကိုယ်စားသော် လည်းကောင်း သို့မဟုတ် တစ်ဖက်စာချုပ်ဝင်၏ အမည်နာမဖြင့်သော်လည်းကောင်း အတိအလင်းဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ ဖြစ်စေ တာဝန်ဝတ္တရား တစ်စုံတစ်ရာ သို့မဟုတ် တာဝန်တစ်စုံတစ်ရာကို ဖန်တီးနိုင်သည့် အခွင့်အရေး သို့မဟုတ် အခွင့်အာဏာ မရှိပါ။ ထို့အပြင် ဤ GC၊ အော်ဒါ နှင့် ရောင်းသူက ဝန်ဆောင်မှုများ သို့မဟုတ် ကုန်ပစ္စည်းများ ပေးခြင်းသည် ရောင်းသူ နှင့် ADM ကြားတွင် မည်သည့် အလုပ်ခန့်အပ်မှုဆိုင်ရာ ဆက်ဆံရေး သို့မဟုတ် အခြေအနေကိုမဆို ဖြစ်ပေါ်စေမည် မဟုတ်ပါ။

**<u>၁၅။ အကျိုးသက်ရောက်မှု နှင့် သက်တမ်း</u>**

(က) GC နှင့် စာဖြင့်ရေးသားထားသည့် အခြားသော နောက်ဆက်တွဲများ (ရှိလျှင်) သည် အော်ဒါပါ နေ့စွဲမှသည် စာချုပ်ဝင်တို့က အော်ဒါပါ တာဝန်ဝတ္တရားများကို ဆောင်ရွက်ပြီးသည့် အချိန်အထိသော်လည်းကောင်း သို့မဟုတ် အော်ဒါတွင် ပြထားသည့် သက်တမ်းကုန်ဆုံးရက် အထိသော်လည်းကောင်း အကျိုးသက်ရောက်မှု ရှိမည်ဖြစ်သည်။ ADM က ရပ်စဲကြောင်း အကြောင်းကြားစာ ပေးပို့ခဲ့လျှင် ရပ်စဲသည့် နေ့စွဲသည် ယင်းသို့ ရပ်စဲကြောင်း အကြောင်းကြားသည့် အကြောင်းကြားစာတွင် ဖော်ပြထားသည့် နေ့စွဲအတိုင်းဖြစ်သည်။

(ခ) အော်ဒါတွင် အခြားနည်း ဖော်ပြထားခြင်း မရှိလျှင် အော်ဒါ နှင့် GC တို့ကို ADM ၏ အမြဲတမ်းတန်ရှိရာ နိုင်ငံ (Domicile) ၏ ဥပဒေများအတိုင်း အနက်အဓိပ္ပာယ်ကောက်ယူရမည်ဖြစ်ပြီး ယင်းဥပဒေများက အော်ဒါ နှင့် GC တို့ကို လွှမ်းမိုးသည်။

## နောက်ဆက်တွဲ (က) ADM ၏ လိုက်နာဆောင်ရွက်မှုဆိုင်ရာစံ အပိုဒ်များ

### (၁) အဂတိ လိုက်စားမှု တိုက်ဖျက်ရေးစံ အပိုဒ်

(က) ရောင်းသူသည် ADM အား အောက်ပါတို့ကို ကိုယ်စားပြု အာမခံသည်-

(၁) စာဖြင့်ရေးသားထားသော သို့မဟုတ် စာဖြင့်ရေးသားထားခြင်းမရှိသော စာချုပ်များမှ တစ်ဆင့် ပေါ်ပေါက်လာသည့် ရောင်းသူ၏ တာဝန်ဝတ္တရားများအပါအဝင် စာချုပ်ဝင်များ၏ စီးပွားရေးဆိုင်ရာ ဆက်ဆံရေးမှ ပေါ်ပေါက်လာသည့် ရောင်းသူ၏ တာဝန်ဝတ္တရားများကို အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ တရားမျှတမှုမရှိသည့်ယှဉ်ပြိုင်မှုများကို ဆန့်ကျင်ရေး နှင့် အစိုးရကိုယ်စား ကုန်၊ ဝန်ဆောင်မှု၊ ဆောက်လုပ်ရေး များဆောင်ရွက်ပေးခြင်းတို့နှင့် သက်ဆိုင်သည့် ဥပဒေများ နှင့် စည်းမျဉ်းစည်းကမ်းများအပါအဝင် ဝန်ဆောင်မှု၏ မည်သည့် အစိတ်အပိုင်းကိုမဆို အကောင်အထည်ဖော် ဆောင်ရွက်မည့် နယ်မြေဒေသ အပေါ်တွင် စီရင်ပိုင်ခွင့်ရှိသော အစိုးရ အာဏာပိုင်က ထုတ်ပြန်သည့် သက်ဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် အမိန့်များ နှင့် အညီ ရောင်းသူက ဆောင်ရွက်ရမည်။

(၂) စာဖြင့်ရေးသားထားသော သို့မဟုတ် စာဖြင့်ရေးသားထားခြင်းမရှိသော စာချုပ်များမှ တစ်ဆင့် ပေါ်ပေါက်လာသည့် ရောင်းသူ၏ တာဝန်ဝတ္တရားများအပါအဝင် စာချုပ်ဝင်များ၏ စီးပွားရေးဆိုင်ရာ ဆက်ဆံရေးမှ ပေါ်ပေါက်လာသည့် ရောင်းသူ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် ရောင်းသူသည် စီးပွားဖက် သို့မဟုတ် ဝန်ဆောင်မှုပေး သူအား ဤ GC ပါ ကန့်သက်ချက်များ နှင့် သက်မှတ်ချက်များ နှင့်အညီ ဆောင်ရွက်စေရမည်။

(၃) ဝန်ဆောင်မှုများ ဆောင်ရွက်ရာတွင်ာ အစိုးရ တစ်ရပ်ရပ်၊ ဌာနတစ်ခုခု၊ အေဂျင်စီ တစ်ခုခု သို့မဟုတ် ယင်းတို့၏ သီးခြားရပ်တည်သော အဖွဲ့အစည်းတစ်ခုခု က ခန့်အပ်ထားသည့် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အစိုးရ တစ်ရပ်ရပ်၊ ဌာနတစ်ခုခု၊ အေဂျင်စီ တစ်ခုခု သို့မဟုတ် ယင်းတို့၏ သီးခြားရပ်တည်သော အဖွဲ့အစည်းတစ်ခုခု ကိုယ်စားဆောင်ရွက်နေသော အဖွဲ့အစည်း တစ်ခုခု၊ နိုင်ငံရေးပါတီ၊ နိုင်ငံရေးပါတီမှ အရာရှိများ သို့မဟုတ် နိုင်ငံရေးရာထူးအတွက် ယှဉ်ပြိုင်မည့်သူ နှင့် ယင်းပုဂ္ဂိုလ်တို့၏အိမ်ထောင်ဖက် သို့မဟုတ် မိသားစုဝင်တို့အား ရောင်းသူ သို့မဟုတ် ရောင်းသူ၏ ကိုယ်စားဆောင်ရွက်သော မည်သည့် ပုဂ္ဂိုလ်ကမဆို တိုက်ရိုက်သော်လည်းကောင်း သို့မဟုတ် သွယ်ဝိုက်၍သော်လည်းကောင်း ဝန်ဆောင်မှု၊ ငွေကြေး သို့မဟုတ် အဖိုးတန် ပစ္စည်းတစ်ခုခုကို အောက်ပါကိစ္စရပ်များ အလို့ငှာ ပေးခြင်း၊ ကတိပြုခြင်း၊ ကမ်းလှမ်းခြင်း သို့မဟုတ် ခွင့်ပြုပေးခြင်း မပြုရ -

(က) ယင်းပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတို့၏ လုပ်ဆောင်များ သို့မဟုတ် ဆုံးဖြတ်ချက်များကို လွှမ်းမိုးရန်။

(ခ) ယင်း ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတို့အား ၎င်းတို့၏ ဥပဒေအရ တာဝန်ဝတ္တရားများ ကိုချိုးဖောက်စေမည့် ပြုလုပ်မှုများ နှင့် ပျက်ကွက်မှုများကို လုပ်ဆောင်စေရန်။

(ဂ) ယင်း ပုဂ္ဂိုလ်တို့၏ သြဇာကို အသုံးပြု၍ ရောင်းသူ သို့မဟုတ် ADM ကိုယ်စား မလျော်ကန်သော အခွင့်အရေးများရယူခြင်း သို့မဟုတ် လုပ်ငန်းအား ရယူခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း ဆောင်ရွက်စေရန်။

စာချုပ်ဝင်များ၏ စီးပွားရေးဆိုင်ရာ ဆက်ဆံရေး ကာလအတွင်း မည်သည့် အချိန်တွင်မဆို အဆိုပါ ကိုယ်စားပြုမှုများ နှင့် အာမခံမှုများ တိကျမှန်ကန်မှု မရှိတော့သည့် အခါတွင်ရောင်းသူက ADM အား ချက်ချင်း အသိပေးအကြောင်း ကြားရမည်။

**(ခ) စာချုပ်ဖျက်သိမ်းပိုင်ခွင့်**

(၁) စာဖြင့်ရေးသားထားသော စာချုပ်၊ စာဖြင်းရေးသားထားခြင်းမရှိသောစာချုပ်များအရ တာဝန်ဝတ္တရားများ သို့မဟုတ် ဆက်ဆံရေးများ အပါအဝင်မည်သည့် ကွဲလွဲခြားနားချက်ကိုမဆို ADM သည် စာချုပ်ဝင်များ၏ စီးပွားရေးဆိုင်ရာ ဆက်ဆံရေးအား အောက်ပါအခြေအနေများဖြစ်လာနိုင်သည်ဟု သဘောရိုးဖြင့် ယူဆနိုင်လျှင် စာချုပ်အား တစ်ဖက်သက် ဖျက်သိမ်းနိုင်သည် -

(က) U.S Foreign Corrupt Practices Act (အမေရိကန် ပြည်ထောင်စု ပြည်ပ အကျင့်ပျက်ခြစားမှု ဆောင်ရွက်ချက်များ အက်ဥပဒေ)၊ သက်ဆိုင်ရာ ADM ကုမ္ပဏီ တည်ရှိရာ နိုင်ငံတွင် ကျင့်သုံးဆောင်ရွက်နိုင်သည့် ပြစ်မှုဆိုင်ရာ ဥပဒေ နှင့်/သို့မဟုတ် အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး ဥပဒေအပါအဝင် သက်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေများကို ချိုးဖောက်၍ ဤ စီးပွားရေးဆိုင်ရာ ဆက်ဆံရေး၏

အစိတ်အပိုင်းဖြစ်သော ပေးချေရမည့် လျော်ကြေး သို့မဟုတ် ပြန်လည်တောင်းခံနိုင်သော အသုံးစရိတ်များကို လာဘ်လာဘ၊ မသမာကြေး သို့မဟုတ် အခြားသော အဂတိမကင်းသည့် ပေးချေမှုများအတွက် ရောင်းသူက ပေးချေခဲ့ခြင်း သို့မဟုတ် ပေးချေနေဆဲဖြစ်ခြင်း။

(ခ) အထက်အပိုဒ်ပါ ကိုယ်စားပြုခြင်း နှင့် အာမခံခြင်းများသည် မှားယွင်းနေခြင်း သို့မဟုတ် ချိုးဖောက်ခံထားရခြင်း သို့မဟုတ်

(ဂ )စာဖြင့်ရေးသားထားသော စာချုပ်၊ စာဖြင်းရေးသား ထားခြင်းမရှိသောစာချုပ်များမှ ပေါ်ပေါက်လာသော ဆက်ဆံရေးများ အပါဝင် စာချုပ်ဝင်များ၏ စီးပွားရေးဆိုင်ရာ ဆက်ဆံရေး သို့မဟုတ်ယင်းဆက်ဆံရေးအတွက် ဆောင်ရွက်ခြင်းတစ်ခုခု၌ သက်ဆိုင်ရာ ဥပဒေတစ်ခုခုအား ဖောက်ဖျက်ခြင်း သို့မဟုတ် ဆန့်ကျင်ခြင်း။

(၂) ဤ ပြဋ္ဌာန်းချက်အရ စာချုပ်ရပ်စဲခြင်းသည် ADM က ရောင်းသူအား စာဖြင့်ရေးသားထားသော အကြောင်းကြားစာကို ပေးအပ်လိုက်သည် နှင့် မည်သည့် လျော်ကြေးမှ ပေးရန်မလိုဘဲ ချက်ချင်း အကျိုးသက်ရောက်သည်။

## (၂) ပိတ်ဆို့အရေးယူခြင်း နှင့် သပိတ်မှောက်ခြင်းအား ဆန့်ကျင်သည့် အပိုဒ်

(၁) စာချုပ်ဝင်တို့သည် ၎င်းတို့သိရှိထားသော အတိုင်းအတာအတွင်း ၎င်းတို့အား ပိုင်ဆိုင်သော သို့မဟုတ် ထိန်းချုပ်သော သို့မဟုတ် ၎င်းတို့က ပိုင်ဆိုင်သော သို့မဟုတ် ထိန်းချုပ်သော မည်သည့် လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုသည် အမေရိကန် ပြည်ထောင်စု၊ ဥရောပ သမဂ္ဂ (သို့မဟုတ် ၎င်းတို့၏ အဖွဲ့ဝင် နိုင်ငံများ)၊ ကုလသမဂ္ဂ၊ ဆွစ်ဇာလန်နိုင်ငံ သို့မဟုတ် ကုန်ပစ္စည်းများ၏ မူလနိုင်ငံ သို့မဟုတ် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသည့် မူလနိုင်ငံက ချမှတ်ထားသော ကုန်သွယ်ရေး နှင့်/သို့မဟုတ် စီးပွားရေး နှင့်/သို့မဟုတ် ဘဏ္ဍာရေးဆိုင်ရာ ပိတ်ဆို့အရေးယူမှု သို့မဟုတ် ပိတ်ဆို့အရေးယူမှုများ (သက်ဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်၊ ဆုံးဖြတ်ချက်၊ ဒီကရီ၊ ကန့်သတ်ထားရှိမှု အစီအမံ သို့မဟုတ် ဥပဒေကဲ့သို့ အာဏာတည်သည့် အခြားသော ပြဋ္ဌာန်းချက် အပါအဝင် ယင်းတို့ကိုသာ ကန့်သတ်ထားခြင်း မဟုတ်ပါ) (တစ်ပေါင်းတည်းဆိုသော် "ပိတ်ဆို့အရေးယူမှုများ") အတွက် ရွေးချယ်သတ်မှတ်ထားခံရခြင်း မရှိကြောင်းကို အသီးသီး ကိုယ်စားပြု အာမခံကြသည်။ စာချုပ်ဝင်တို့သည် ၎င်းတို့သည်သော်လည်းကောင်း ၎င်းတို့၏ အေးဂျင့်များ၊ ကန်ထရိုက်များ နှင့် ကိုယ်စားလှယ်များသည် အော်ဒါ နှင့်/သို့မဟုတ် ဤ GC အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အကျုံးဝင်သည့် ပိတ်ဆို့အရေးယူမှုများအားလုံး၏ သတ်မှတ်ချက်များကို အပြည့်အဝ လိုက်နာဆောင်ရွက်ရန် အသီးသီး သဘောတူ ဝန်ခံကတိပြုကြသည်။

(၂) ကုန်ပစ္စည်းများတွင် ADM သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးအား အမေရိကန် ပြည်ထောင်စု၏ စီရင်ပိုင်ခွင့်အောက်ရှိ သက်ဆိုင်ရာ ပိတ်ဆို့အရေးယူမှုများ နှင့်/သို့မဟုတ် အမေရိကန်ပြည်ထောင်စု၏ ပြည်ပသို့တင်ပို့မှု သို့မဟုတ် ပြည်ပသို့ ပြန်လည်တင်ပို့မှုဆိုင်ရာ ထိန်းချုပ်မှုများကို ချိုးဖောက်ရာရောက်စေမည့် နိုင်ငံများ၊ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ သို့မဟုတ် အဖွဲ့များမှ တိုက်ရိုက်သော်လည်းကောင်း သို့မဟုတ် သွယ်ဝိုက်၍သော်လည်းကောင်း ထုတ်လုပ်သည့်၊ ပေးအပ်သည့် ကုန်ပစ္စည်းများ မပါဝင်ကြောင်း၊ ကုန်ပစ္စည်းများကို ADM သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးအား အမေရိကန် ပြည်ထောင်စု၏ စီရင်ပိုင်ခွင့်အောက်ရှိ သက်ဆိုင်ရာ ပိတ်ဆို့အရေးယူမှုများ နှင့်/သို့မဟုတ် အမေရိကန်ပြည်ထောင်စု၏ ပြည်ပသို့တင်ပို့မှု သို့မဟုတ် ပြည်ပသို့ ပြန်လည်တင်ပို့မှုဆိုင်ရာ

ထိန်းချုပ်မှုများကို ချိုးဖောက်ရာရောက်စေမည့် နိုင်ငံများ၊ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ သို့မဟုတ် အဖွဲ့များမှ တိုက်ရိုက်သော်လည်းကောင်း သို့မဟုတ် သွယ်ဝိုက်၍သော်လည်းကောင်း ပိုင်ဆိုင်သည့်၊ အလံဆောင်ထားစေသည့်၊ ငှားရမ်းထားသည့်၊ စီမံခန့်ခွဲသည့်၊ ထိန်းချုပ်ထားသည့် ရေယာဉ် သို့မဟုတ် ကုန်တင်ယာဉ်ဖြင့် စီးပွားရေးလုပ်ငန်းအလို့ငှာ သယ်ယူပို့ဆောင်ခြင်း မပြုကြောင်းကို ရောင်းသူက သဘောတူညီ၍ ADM သို့ ဝန်ခံကတိပြုသည်။ ကုန်ပစ္စည်းများ၏ မူလနေရာကို စစ်ဆေးအတည်ပြုရန်အတွက် ADM က တောင်းဆိုလာလျှင် ရောင်းသူသည် သင့်လျော်သော စာရွက်စာတမ်း အထောက်အထားများကို ADM သို့ ပေးရမည်။ အော်ဒါ နှင့်/သို့မဟုတ် ဤ GC အား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ADM သို့မဟုတ် ADM ၏ အေးဂျင့်များ၊ ကန်ထရိုက်များ သို့မဟုတ် ကိုယ်စားလှယ်များအား အမေရိကန် ပြည်ထောင်စု၏ စီရင်ပိုင်ခွင့်အောက်ရှိ သက်ဆိုင်ရာ ပိတ်ဆို့အရေးယူမှုများကို ချိုးဖောက်စေရာရောက်မည့် သို့မဟုတ် ADM သို့မဟုတ် ADM ၏ အေးဂျင့်များ၊ ကန်ထရိုက်များ သို့မဟုတ် ကိုယ်စားလှယ်များအား သက်ဆိုင်ရာ ပိတ်ဆို့အရေးယူမှုများအရ ပြစ်ဒဏ်ပေးခံရစေမည့် ကန့်သတ်ထားသော မူရင်းနိုင်ငံ၊ ရေယာဉ်၊ ကုန်တင်ကုန်ချ လမ်းကြောင်း၊ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများကို ငြင်းပယ်ခွင့် ADM တွင်ရှိသည်။

(၃) ကုန်ပစ္စည်းများ နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို မပြုလုပ်ရန် ADM က ရောင်းသူအား သဘောတူ အာမခံပါသည်-

(က) ရောင်းသူ သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးအားအမေရိကန် ပြည်ထောင်စု၏ စီရင်ပိုင်ခွင့်အောက်ရှိ သက်ဆိုင်ရာ ပိတ်ဆို့အရေးယူမှုများ နှင့်/သို့မဟုတ် အမေရိကန်ပြည်ထောင်စု၏ ပြည်ပသို့တင်ပို့မှု သို့မဟုတ် ပြည်ပသို့ ပြန်လည်တင်ပို့မှုဆိုင်ရာ ထိန်းချုပ်မှုများကို ချိုးဖောက်ရာရောက်စေမည့် နိုင်ငံများ၊ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများထံ သို့ ကုန်ပစ္စည်များကို ပြန်လည်ရောင်းချခြင်း။

(ခ) ရောင်းသူ သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးအားအမေရိကန် ပြည်ထောင်စု၏ စီရင်ပိုင်ခွင့်အောက်ရှိ သက်ဆိုင်ရာ ပိတ်ဆို့အရေးယူမှုများ နှင့်/သို့မဟုတ် အမေရိကန်ပြည်ထောင်စု၏ ပြည်ပသို့တင်ပို့မှု သို့မဟုတ် ပြည်ပသို့ ပြန်လည်တင်ပို့မှုဆိုင်ရာ ထိန်းချုပ်မှုများကို ချိုးဖောက်ရာရောက်စေမည့် နိုင်ငံများ၊ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ အား ကုန်ပစ္စည်းများကို ရှင်းလင်းစီမံဆောင်ရွက်စေခြင်း။

(ဂ) ရောင်းသူ သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးအား အမေရိကန် ပြည်ထောင်စု၏ စီရင်ပိုင်ခွင့်အောက်ရှိ သက်ဆိုင်ရာ ပိတ်ဆို့အရေးယူမှုများ နှင့်/သို့မဟုတ် အမေရိကန်ပြည်ထောင်စု၏ ပြည်ပသို့တင်ပို့မှု သို့မဟုတ် ပြည်ပသို့ ပြန်လည်တင်ပို့မှုဆိုင်ရာ ထိန်းချုပ်မှုများကို ချိုးဖောက်ရာရောက်စေမည့် နိုင်ငံများ၊ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ သို့မဟုတ် အဖွဲ့များမှ တိုက်ရိုက်သော်လည်းကောင်း သို့မဟုတ် သွယ်ဝိုက်၍သော်လည်းကောင်း ပိုင်ဆိုင်သည့်၊ အလံဆောင်ထားစေသည့်၊ ငှားရမ်းထားသည့်၊ စီမံခန့်ခွဲသည့်၊ ထိန်းချုပ်ထားသည့် ရေယာဉ် သို့မဟုတ် ကုန်တင်ယာဉ်ဖြင့် ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်စေခြင်း။

ကုန်စည်များအား နောက်ဆုံးပို့ဆောင်ရမည့် နေရာအား စစ်ဆေးအတည်ပြုရန်အတွက် ရောင်းသူက တောင်းဆိုလာလျှင် ADM က သင့်လျော်သည့် စာရွက်စာတမ်း အထောက်အထားများကို ရောင်းသူအား ပေးအပ်ရမည်။ အော်ဒါ နှင့်/သို့မဟုတ် ဤ GC အား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရောင်းသူ သို့မဟုတ်

ရောင်းသူ၏ အေးဂျင့်များ၊ ကန်ထရိုက်များ သို့မဟုတ် ကိုယ်စားလှယ်များအား အမေရိကန် ပြည်ထောင်စု၏ စီရင်ပိုင်ခွင့်အောက်ရှိ သက်ဆိုင်ရာ ပိတ်ဆို့အရေးယူမှုများကို ချိုးဖောက်စေရာရောက်မည့် သို့မဟုတ် ရောင်းသူ သို့မဟုတ် ရောင်းသူ ၏ အေးဂျင့်များ၊ ကန်ထရိုက်များ သို့မဟုတ် ကိုယ်စားလှယ်များအား သက်ဆိုင်ရာ ပိတ်ဆို့အရေးယူမှုများအရ ပြစ်ဒဏ်ပေးခံရစေမည့် ကန့်သတ်ထားသော မူရင်းနိုင်ငံ၊ ရေယာဉ်၊ ကုန်တင်ကုန်ချ လမ်းကြောင်း၊ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများကို ငြင်းပယ်ခွင့် ရောင်းသူတွင်ရှိသည်။

(၄) ရောင်းသူ သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးအား အမေရိကန် ပြည်ထောင်စု၏ စီရင်ပိုင်ခွင့်အောက်ရှိ သက်ဆိုင်ရာ ပိတ်ဆို့အရေးယူမှုများကို ချိုးဖောက်စေရာရောက်မည့် သို့မဟုတ် သက်ဆိုင်ရာ ပိတ်ဆို့အရေးယူမှုများအရ ပြစ်ဒဏ်ပေးခံရစေမည့် နိုင်ငံများ၊ ဘဏ်များ၊ အခြားအဖွဲ့အစည်းများ၊ အဖွဲ့များ သို့မဟုတ် Facility များမှတစ်ဆင့် ကုန်ပစ္စည်းများအတွက် ငွေပေးချေမှုများကို တိုက်ရိုက်သော်လည်းကောင်း သို့မဟုတ် သွယ်ဝိုက်၍သော်လည်းကောင်း ပြုလုပ်သွားမည်မဟုတ်ကြောင်း ADM က ထပ်လောင်း၍ ကိုယ်စားပြု အာမခံပါသည်။ ရောင်းသူက ပိတ်ဆို့အရေးယူမှုများကို ချိုးဖောက်ခြင်းကြောင့် မဟုတ်ဘဲ ပိတ်ဆို့အရေးယူမှုများကြောင့်သော်လည်းကောင်း သို့မဟုတ် ပိတ်ဆို့မှုများ နှင့် သက်ဆိုင်သည်ဟု စွပ်စွဲမှုကြောင့်သော်လည်းကောင်း ကုန်ပစ္စည်းများအတွက် ငွေပေးချေမှုအား အလုပ်လုပ်ရက် (၃) ရက်ထက် ပိုမို၍ ဟန့်တားခံရခြင်း၊ ပိတ်ဆို့ခံရခြင်း၊ ကြန့်ကြာစေရန် အချိန်ဆွဲခံရခြင်း သို့မဟုတ် တားဆီးခံရခြင်းတို့ ပေါ်ပေါက်လာပါက အရေးယူ ပိတ်ဆို့မှုများ (ယင်းအရေးယူ ပိတ်ဆို့မှုများ နှင့် အကျုံးဝင်သည့် အတိုင်းအတာအထိလည်းကောင်း သို့မဟုတ် ဘဏ်များ၊ အစိုးရများ သို့မဟုတ် ဥပဒေနှင့်အညီ တရားဝင် လုပ်ပိုင်ခွင့် အပ်နှင်းထားသည့် အခြားသော မည်သည့် အာဏာပိုင်ကမဆို ကျင့်သုံးသည့် သို့မဟုတ် အကောင်အထည်ဖော် ဆောင်ရွက်သည့် ပိတ်ဆို့အရေးယူမှု အတိုင်းအတာအထိ လည်းကောင်း) ကို တိုက်ရိုက်သော်လည်းကောင်း သို့မဟုတ် သွယ်ဝိုက်၍သော်လည်းကောင်း ချိုးဖောက်ခြင်းမရှိသည့် အခြားသော တရားဝင် နည်းလမ်းများဖြင့် ရောင်းသူအား ငွေပေးချေရန် ADM က အစွမ်းကုန် ကြိုးစားသွားမည် ဖြစ်သည်။

(၅) စာချုပ်ဝင်များသည် အမေရိကန် ပြည်ထောင်စု၏ Anti-Boycott ဆိုင်ရာ ဥပဒေများ နှင့် အမေရိကန် ပြည်ထောင်စု၏ စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်သည့် သို့မဟုတ် အမေရိကန် ပြည်ထောင်စု၏ Anti-Boycott ဆိုင်ရာ ဥပဒေများ နှင့် အမေရိကန် ပြည်ထောင်စု၏ စည်းမျဉ်းစည်းကမ်းများအရ တားမြစ်ထားသည့် သို့မဟုတ် ပြစ်ဒဏ်ကျခံရမည့် စည်းကမ်းချက်များ သို့မဟုတ် စာရွက်စာတမ်းဆိုင်ရာ တောင်းဆိုမှုများ အပါအဝင် တောင်းဆိုမှုများ နှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ခြင်း၊ သဘောတူခြင်း သို့မဟုတ် လိုက်နာဆောင်ရွက်ခြင်း ပြုမည်မဟုတ်ပါ။

(၆) ဤ အပိုဒ်အား လိုက်နာဆောင်ရွက်မှုကို အထောက်အကူပြုရန် နှင့်/သို့မဟုတ် စစ်ဆေးအတည်ပြုရန်အတွက် ကျိုးကြောင်းဆီလျော်သည့် သတင်းအချက်အလက်များ နှင့်/သို့မဟုတ် စာရွက်စာတမ်း အထောက်အထားတောင်းဆိုမှုများအတွက် အထက်ပါ ပြဋ္ဌာန်းချက်ကို မထိခိုက်စေဘဲ တစ်ဖက်နှင့်တစ်ဖက် ပူးပေါင်းဆောင်ရွက်ရန် စာချုပ်ဝင်တို့က သဘောတူကြသည်။

**(၃) လူ့အခွင့်အရေးဆိုင်ရာ အထူးပြဋ္ဌာန်းချက်**

ဤစာချုပ်ပါ တာဝန်နှင့် ဝတ္တရားများကို လိုက်နာရုံမျှမက ရောင်းသူသည် အောက်ပါလူ့အခွင့်အရေးဆိုင်ရာ အချက်များကိုပါ တိတိကျကျ လိုက်နာဆောင်ရွက်သွားပါမည် -

(၁) အသက် ၁၆ နှစ်အောက် အလုပ်သမားများခိုင်းစေခြင်း၊ အတင်းအကျပ် ခိုင်းစေခြင်း နှင့် အကြွေး ဖြင့်သိမ်းယူခိုင်းစေသော အလုပ်သမားများအားခိုင်းစေခြင်းတို့မှ ရှောင်ကြဉ်ရမည်၊

(၂) အလုပ်ရှာသူများအား အလုပ်ဝင်ခွင့်ရရန် ငွေကြေးကောက်ခံခြင်း၊ ဤကဲ့သို့ငွေကြေးကောက်ခံသော အလုပ်သမားပွဲစားများအားအသုံးပြုခြင်း၊ အလုပ်သမားများ၏သဘောတူညီချက်မပါဘဲ ငွေ၊ ID (မှတ်ပုံတင်)ကဒ်ပြား၊ အခြားပိုင်ဆိုင်မှုများအား အာမခံပစ္စည်းအဖြစ် သိမ်းယူထားခြင်းတို့မှ ရှောင်ကြဉ်ရမည်၊

(၃) အလုပ်ဝင်ရန် သင့်လျော်မှု ရှိ/ မရှိ အား စစ်ဆေးရန် စနစ်တစ်ခု ရှိရမည်၊

(၄) အလုပ်သမားများအား ဘေးအန္တရာယ်ကင်းရှင်းစေရန် သင့်လျော်သည့် နည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများ ထားရှိရမည်၊

(၅) အလုပ်သမားဆိုင်ရာ ဆုံးဖြတ်ချက်များတွင် ခွဲခြားဆက်ဆံခြင်းမှ ရှောင်ကျဉ်ရမည်၊

(၆) အလုပ်သမားများအား သက်ဆိုင်ရာ ပြည်တွင်း ဥပဒေများ နှင့် စည်းမျဉ်းစည်းကမ်းများ အတိုင်းလျှော်ကြေးများ ပေးချေရမည်။ သက်ဆိုင်ရာ ဥပဒေများ နှင့် စည်းမျဉ်းစည်းကမ်းများ အတိုင်း သင့်လျှော်သည့် လုပ်ငန်းအနေထား အတိုင်း အသက်ပိုင်းဆိုင်ရာ၊ အနည်းဆုံးလုပ်ခကြေးငွေ နှင့် လုပ်ခဲ့သော နာရီများ အတွက် အပါဝင်၊

(၇) အလုပ်သမားများ၏ လွပ်လပ်စွာ အသင်းအဖွဲ့များတွင် ပါဝင်ခွင့် နှင့် စုပေါင်း တောင်းဆိုခွင့်များ အပါဝင်အလုပ်သမားများ၏အခွင့်အရေးများကို အလေးထားရမည်၊

(၈) မြေယာလုပ်ပိုင်ခွင့် အခွင့်အရေးများကို လေးစားရမည့်အပြင် မြေပေါ်တွင် လုပ်ငန်းများလုပ်ကိုင်ရန်အတွက် တရားဝင် အခွင့်အရေးများကို ပေးနိုင်သည့် သို့မဟုတ် မပေးဘဲထားနိုင်သည့် တိုင်းရင်းသားများ နှင့် နယ်ခံလူမျိုးစုများ၏ လွတ်လပ်၍ ကြိုတင် အသိပေးအကြောင်းကြားကာ ရယူထားသည့် သဘောတူညီချက်များကိုလည်း လေးစားရမည်။

(၉) စိုက်ပျိုးရေးထုတ်ကုန်ဝန်ဆောင်ဖြန့်ဖြူးမှုလုပ်ငန်း၊ သဘာဝဝန်းကျင်၊ ဘေးကင်းမှု တိုးတက်စေရန် အကျိုးဆိုင်သူများ နှင့် တွဲဖက်၍ ဆောင်ရွက်သွားမည်။

## (၄) စာရင်းစစ်ပိုင်ခွင့်

စာဖြင့်ရေးသားထားသော သို့မဟုတ် စာဖြင့်ရေးသားထားခြင်းမရှိသော စာချုပ်ပါ စည်းကမ်းချက်များ အပါအဝင် ဤ GC ပါစည်းကမ်းချက်များ နှင့် စာချုပ်ဝင်များ၏ စီးပွားရေးဆိုင်ရာ ဆက်ဆံရေးကို ရောင်းသူမှ လိုက်နာမှု အား ဖော်ပြရန်အတွက် ရောင်းသူ၏ စာရင်းမှတ်တမ်းများကို ADM က မည်သည့် အချိန်တွင်မဆို စာရင်းစစ်ပိုင်ခွင့်ရှိသည်။ ထိုသို့ စာရင်းစစ်မည့် စာရင်းစစ်အား ADM နှင့် ရောင်းသူတို့က သဘောတူရမည်ဖြစ်ပြီး စာရင်းစစ်ရာတွင် ADM အတွက်သော်လည်းကောင်း သို့မဟုတ် ADM ကိုယ်စားသော်လည်းကောင်း ရောင်းသူက သီးသန့်

ဆောင်ရွက်ပေးရသည့် ရောင်းသူ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဖော်ပြသည့် စာရင်းများ နှင့် မှတ်တမ်းများကိုသာ စစ်ဆေးရန် ကန့်သတ်ထားမည် ဖြစ်သည်။ ထိုသို့ စာရင်းစစ်ဆေးမှုအား ရောင်းသူ၏ အဆောက်အအုံတွင်သာ ပြုလုပ်ရမည်ဖြစ်ပြီး ဥပဒေအရသော်လည်းကောင်း သို့မဟုတ် ပြဋ္ဌာန်းဥပဒေအရ ဖွဲ့စည်းထားသည့် အဖွဲ့အစည်း သို့မဟုတ် အေဂျင်ဆီက တောင်းဆိုခြင်းမှအပ မူရင်း စာရွက်စာတမ်းများ၊ မှတ်တမ်းများကို ရောင်းသူ၏ အဆောက်အအုံအတွင်းမှ ရွှေ့ပြောင်းပေးရန် ADM က တောင်းဆိုခြင်း မပြုရ။ ADM က ၎င်း၏ မှတ်တမ်းအလို့ငှာ တောင်းဆိုလာပါက ADM အား စာရွက်စာတမ်းများ၏ မိတ္တူကို ယူဆောင်ခွင့်ပြုရန် ရောင်းသူက သဘောတူသည်။